ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၃၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်း ရွတ်ဆိုဖို့ ဖြစ်ပါတယ်။ လိုက်ဆိုပါ။

“ကျွန်ုပ် ------------------------ သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည် ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၀.၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ၂၀-၇-၂၀၁၇ ရက်နေ့တွင် အစည်းအဝေး သို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွား မှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပါတီကိစ္စဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ မစ္စယမ်ဟီလီနှင့်အဖွဲ့အား တွေ့ဆုံရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ပခရီးစဥ်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)၊ ပြည်ပခရီးစဥ်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ရေဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျား၊ မ တန်းတူညီမျှရေး ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ နေရပ်ရွှေ့ပြောင်း နေထိုင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်ပခရီးစဥ်နှင့် ဗိုလ်မှူးတင့်လွင်အေး တပ်မတော်သား ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၄၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့

ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၄၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်ရှိ သစ်တောများ ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည် ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ သစ်တောဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန်နှင့် ငါဖိုင်ပီးကျေးရွာ အုပ်စု လယ်မြေရိုင်း ဧက(၅၀၀)နှင့် ဒေါန်ကျေးရွာ လယ်မြေရိုင်း ဧက(၅၀) တို့အား ဖော်ထုတ်ပြီး ရေသွယ် ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း က ချင်းပြည်နယ်ရှိ သစ်တောများ ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ သစ်တောဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန်နှင့် ငါဖိုင်ပီး ကျေးရွာအုပ်စု လယ်မြေရိုင်း ဧက(၅၀၀)နှင့် ဒေါန်ကျေးရွာ လယ်မြေရိုင်းဧက(၅၀)တို့အား ဖော်ထုတ်ပြီး ရေသွယ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်းကတော့၊ ချင်းပြည်နယ်တွင် အဆိုးရွားဆုံး ရင်ဆိုင်နေကြရတဲ့ ပြဿနာကတော့ သစ်တောသယံဇာတ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု အကြီးအကျယ်ဖြစ်ပြီးတော့ ဒါဟာ ချင်းပြည်နယ်အတွက်သာမကဘဲ နိုင်ငံတော်အတွက်ပါ အပြင်းထန်ဆုံး စိန်ခေါ်မှုတစ်ရပ်(The destruction of the environment is one of the most serious challenges) ဖြစ်တယ်ဆိုတာ အားလုံးအသိ ဖြစ်ပါတယ်။ ဒါ ဘာကြောင့် ဒီလို ပျက်စီးဆုံးရှုံးရသလဲဆိုရင် သစ်တော

များကို အလွန်အကျွံ ခုတ်ထွင်ခြင်း၊ တရားမဝင်သစ်များ ခိုးထုတ်ခြင်း၊ လူနေအိမ်ခြေ တိုးတက်လာတာနဲ့အမျှ ထင်းလောင်စာလိုအပ်မှု မြင့်မားလာခြင်း၊ တောင်ပေါ်ဒေသများတွင် သမားရိုးကျရွှေ့ပြောင်းတောင်ယာစနစ် (Shifting cultivation practice)ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးကြခြင်း၊ တောမီးကို စည်းမဲ့ကမ်းမဲ့မီးရှို့ခြင်းတို့ကြောင့် သစ်တောများတိမ်ကောလာပြီး တောတောင်များဟာ တောင်ကတုံးကြီးများဖြစ်ပေါ်လာရပါတယ်။ ထိုအခါ အရိပ်အာဝါသ နည်းပါးလာပြီး တစ်နှစ်ထက်တစ်နှစ် ပိုနွေးလာ၍ ရာသီဥတုဖောက်ပြန်မှု မကြာခဏ ကြုံတွေ့ရပါတယ်။ ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တာနှင့်အညီ ချင်းပြည်နယ် ပျက်စီးဆုံးရှုံးမှုကြောင့် မြန်မာတစ်ပြည်လုံးရဲ့ ရာသီဥတု ထိခိုက်နိုင်ပါတယ်။ (A Part Connecting the whole) ဖြစ်သွားပါတယ်။

ထို့ကြောင့် ဒီလိုပျက်စီးသွားတဲ့ တောပျက်များ၊ တောင်ကတုံးများတွင် ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေကောင်းတဲ့ အဖိုးတန်သစ်များ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ပျိုးဘောင် ပျိုးခင်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူလူထုတစ်ရပ်လုံးနဲ့ ပူးပေါင်းမှုဖြင့် ဖော်ထုတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက် ပေ (၄၀၀၀)နှင့်အထက်တွင် ဝင်ငွေကောင်းသည့် အဖိုးတန်သည့် ထင်းရှူးပင်များ၊ ပေ (၃၀၀၀)နှင့်အောက်တွင် ကျွန်းသစ်နှင့် သစ်မာများကို မြေလပ်မကျန် နှစ်ရှည်၊ နှစ်တို စီမံကိန်းများချမှတ်ပြီး အစားထိုးစိုက်ပျိုးခြင်းဖြင့် နှစ်ပေါင်း (၁၀)လောက်ကြာလာတဲ့အခါ သစ်တောများ ပြန်လည် စိမ်းလန်းစိုပြည် ဝေဆာလာမှာဖြစ်တဲ့အပြင် နှစ်ပေါင်း (၃၀၊ ၄၀)ကြာလာတဲ့ အခါ စိုက်ပျိုးထားသော သစ်ပင်များဟာ ဒေသအတွက် သစ်လိုအပ်မှုကို ဖြည့်ဆည်းနိုင်မှာ ဖြစ်သည့် အပြင် နိုင်ငံတော်အတွက်ပါ ဝင်ငွေကောင်းများ ရရှိခံစားလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရွှေ့ပြောင်းတောင်ယာစနစ် (Shifting cultivation practice) ကို လျှော့ချပြီး အမြဲတမ်းလှေကားထစ်လယ်ယာ ဖော်ထုတ်စိုက်ပျိုးခြင်းကိုလည်းကောင်း၊ တောင်စောင်းဆင်ခြေ လျောညီသော မြေဩဇာကောင်းသည့်နေရာများတွင် သိပ္ပံနည်းကျ တောင်စောင်းစိုက်ပျိုးနည်း(SALT) Sloping Agriculture Land Technology System ဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးမွေးမြူရေးစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ချင်းပြည်နယ်၏ သစ်တောပြုန်းတီးမှုကို တစ်နည်းတစ်လမ်းဖြင့် လျှော့ချပြီး တောင်သူများ၏ဝမ်းစာ ဖူလုံရေးနှင့်တကွ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပိုမိုရရှိခံစားလာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင် ကျေးရွာပေါင်း(၉၁)ရွာ ရှိသည့် အနက် မာယာတောင်ကြောရှိ ကျေးရွာပေါင်း(၁၃)ရွာတို့သည် လမ်းပန်းဆက်သွယ်ရေး အခက်ခဲဆုံး ဒေသ၊ ဖွံ့ဖြိုးမှုနိမ့်ကျသောကျေးရွာများ ဖြစ်ကြပါတယ်။ ထန်တလန်မြို့မှ မိုင်(၅၀)ဝေးကွာသော မာတာ တောင်ကြောရှိ ငါဖိုင်ပီးကျေးရွာအုပ်စု၊ ဘွိုင်နူမြစ်ကမ်းတွင် ဖေဖော်လယ်မြေရိုင်းဧက(၅၀၀)ခန့်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ ရေသွယ်ယူရန် ရေပိုက် သိန်း(၁၀၀)ဖိုးတန် ပိုက်များ ထောက်ပံ့ပေးသော်လည်း အရည်အသွေးညံ့သောပိုက်များဖြင့် သွယ်ယူသည့်အတွက် ကွဲအက် ပျက်စီးကုန်၍ မအောင်မြင် ..

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ခင်ဗျားမေးခွန်းနဲ့ ခင်ဗျားပြောနေတာက တခြားစီ ဖြစ်နေတယ်။

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ၎င်းအားရန်ပုံငွေ လုံလောက်စွာ--

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး သေသေချာချာကြည့်ပါဦး။ ခင်ဗျားမေးခွန်းနဲ့ ခင်ဗျား ပြောတာ၊ ခင်ဗျား ဒီမှာ သစ်တောကို စိမ်းလန်းစိုပြည်ဖို့ ပြန်လည် ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ လယ်မြေဧကတွေ ဖော်ထုတ်ပေးဖို့ ဧက(၅၀)။ ခင်ဗျားပြောတာ လမ်းတံတားတွေ ရောက်ကုန်ပြီ။

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်တယ် အဲဒါလည်း လယ်မြေ ဧကအတွက်ပဲ--

**ဥက္ကဋ္ဌ**။ ။ ဒါဆိုရင် ကိုယ့်မေးခွန်းကို တိတိကျကျ မေးလေ။

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ၎င်းအား ရန်ပုံငွေ လုံလောက်စွာ.. ဟုတ်တယ် အဲဒါ လယ်မြေဧကဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များ အကူအညီဖြင့် တည်ဆောက် ပေး နိုင်ပါက ၎င်းဒေသရှိ အိမ်ထောင်စု(၃၀၀)ခန့် ဝမ်းစာဖူလုံနိုင်မှာ ဖြစ်ပါတယ်။ ထို့အတူ ထန်တလန်မြို့ အနောက်ဘက် မိုင်(၄၀)ကွာဝေးသော အိန္ဒိယနယ်စပ် ဒေါ်နိကျေးရွာရှိ ..

**ဥက္ကဋ္ဌ**။ ။ ကဲ အချိန်ကုန်သွားပြီ။ အချိန်ကုန်သွားပြီ။ ခင်ဗျားတို့ ထိုင်လိုက်ပါတော့။ ကိုယ်စားလှယ်ကြီး၊ ကိုယ်စားလှယ်ကြီး ခင်ဗျား အချိန်ကုန်သွားပါပြီ။ ထိုင်ပါ။

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့အကြားထိပ်ရှိ ဝိတိုရိယတောင်ပတ်ဝန်းကျင်သည် လောဘသမား နယ်ခံတချို့က ညောင်စေးထောင်၍ ငှက်များဖမ်းဆီးခြင်း၊ ကြိုးကွင်းထောင်၍ တောကောင်များ ဖမ်းဆီးခြင်းတို့ကြောင့် ငှက်မျိုးနှင့်တောကောင်မျိုးများ မျိုးတုံးကုန်မည်ဖြစ်သဖြင့် သစ်တောဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပူးပေါင်းစီမံခန့်ခွဲ၍ ဝိတိုရိယတောင်ထိပ်တက်သည့် လမ်းကြောများတွင် စစ်ဆေးရေးဂိတ်များထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်အကြားထိပ်ရှိ ဝိတိုရိယတောင်ပတ်ဝန်း ကျင်သည် လောဘသမား နယ်ခံတချို့က ညောင်စေးထောင်၍ ငှက်များဖမ်းဆီးခြင်း၊ ကြိုးကွင်းထောင်၍ တောကောင်များ ဖမ်းဆီးခြင်းတို့ကြောင့် ငှက်မျိုးနှင့် တောကောင်မျိုးများ မျိုးတုံးကုန်မည်ဖြစ်သဖြင့် သစ်တောဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပူးပေါင်းစီမံခန့်ခွဲ၍ ဝိတိုရိယ တောင်ထိပ်တက်သည့် လမ်းကြောများတွင် စစ်ဆေးရေးဂိတ်များ ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၈) မဲဆန္ဒနယ်၊ မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်နဲ့ ကန်ပက်လက်မြို့နယ်အကြား ထိပ်ရှိ ဝိတိုရိယတောင်သည် မြန်မာနိုင်ငံရဲ့ အထင်ကရ တတိယအမြင့်ဆုံးတောင်ဖြစ်သည့်အလျောက် ယခင်က ဝိတိုရိယတောင်ပတ်ဝန်းကျင်တွင် သစ်ကြီး၊ ဝါးကြီးများ ထူထပ်စွာပေါက်ရောက်ပြီး ကမ္ဘာမှာ ရှားပါးသည့် သစ်ခွမျိုးစုံ ဝေဆာစွာ ရောင်စုံဖူးပွင့်သည့် နေရာဖြစ်သလို ကမ္ဘာမှာ ရှားပါးသည့် ငှက်မျိုးများ၊ တောကောင်မျိုးများ ကျင်လည်ကျက်စားသည့်နေရာလည်း ဖြစ်ခဲ့ပါတယ်။

သို့ဖြစ်၍ နိုင်ငံခြားနှင့် မြန်မာနိုင်ငံမှ ငှက်သုတေသနများ လာရောက်လေ့လာခြင်း၊ တောင်တက်အဖွဲ့များ၊ နိုင်ငံခြားဧည့်သည်များ အမြဲမပြတ် ရောက်ရှိသည့်နေရာလည်း ဖြစ်ပါတယ်။ ယခုအခါ ဝိတိုရိယတောင်ထိပ်အထိ ကားလမ်းဖောက်လုပ်သဖြင့် ဆိုင်ကယ်များ အလွယ်တကူ နေ့ချင်း၊ ညချင်း နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်ကြသဖြင့် အမြင်မကျယ်သည့် နယ်ခံများသည် ချိန်းဆော(ခ)သစ်ဆွဲစက်ငယ်များ ဆိုင်ကယ်ဖြင့် လွယ်လင့်တကူ စည်းမဲ့ကမ်းမဲ့ သစ်ခိုးဆွဲခြင်း၊ ရောင်းချခြင်း၊ တောင်ယာတိုးချဲ့ခုတ်ခြင်း၊ တရုတ်များမှ သစ်ခွပန်းများကို စျေးကောင်းကောင်းဖြင့် ဝယ်ယူသဖြင့် သစ်ခွပန်းများကို ခိုးယူရှာဖွေသည့် နယ်ခံလူငယ်များမှ တက်၍မရသည့်အပင်များကို ခုတ်လှဲခြင်းတို့ကြောင့် သစ်တောများ မရှိသလောက် ပြုန်းတီးလာခြင်း၊ သစ်ခွပန်းမျိုးများ ကုန်ခန်းစပြုလာခြင်းကို တွေ့ရှိရပါသည်။ ၎င်းအပြင် အမြင်မကျယ်သည့်နယ်ခံအချို့မှ ညောင်စေးထောင်၍ ငှက်များဖမ်းဆီးခြင်း၊ ကြိုးကွင်းထောင်၍ တောကောင်များ ဖမ်းဆီးခြင်းတို့ကြောင့် ငှက်မျိုးများ၊ တောကောင်မျိုးများ မျိုးသုဉ်းပျောက်ကွယ်တော့မည် ဖြစ်ပါသည်။

သို့ဖြစ်၍ သစ်တောပြုန်းတီးမှု၊ သစ်ခွပန်းမျိုးများ ပြုန်းတီးမှုကာကွယ်ရန်နှင့် ငှက်မျိုး၊ တောကောင်မျိုးများ ပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် စီမံချက်ချ၍ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လာပါသဖြင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနမှ သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး ဝိတိုရိယတောင်တက်သည့် လမ်းကြောများတွင် စစ်ဆေးရေးဂိတ်များထားရှိရန် လိုအပ်လာသဖြင့် ပြည်သူများ၏ တင်ပြချက်အရ စစ်ဆေးရေးဂိတ်များထားရှိရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့ မသေကျေးရွာအုပ်စုရှိ ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်းအတွင်းရှိလမ်းကို ရွာသူရွာသား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ နေ့ရောညပါ အချိန်မရွေး စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဖြတ်သန်းသွားလာခွင့်ပြုရန် သို့မဟုတ် ဘုတ်ပြင်း- ကော့သောင်း ပြည်ထောင်စုကားလမ်းမသို့ထွက်ရှိရန် ပို့ကောင်းကုမ္ပဏီဝင်းဘေးမှ ရှောင်ကွင်း၍ လမ်းသစ် ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့ မသေကျေးရွာအုပ်စုရှိ ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်းအတွင်းရှိလမ်းကို ရွာသူရွာသား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ နေ့ရောညပါ အချိန်မရွေး စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဖြတ်သန်းသွားလာခွင့်ပြုရန် သို့မဟုတ် ဘုတ်ပြင်း- ကော့သောင်း ပြည်ထောင်စုကားလမ်းမသို့ထွက်ရှိရန် ပို့ကောင်းကုမ္ပဏီဝင်းဘေးမှ ရှောင်ကွင်း၍ လမ်းသစ်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့ မသေကျေးရွာအုပ်စုရှိ ပို့ကောင်းဆီအုန်းကုမ္ပဏီသည် ဘုတ်ပြင်း - ကော့သောင်း ပြည်ထောင်စုကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ကော့သောင်းမြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသော နေရာတွင် တည်ရှိပါတယ်။ မသေကျေးရွာ အုပ်စုတွင်လည်း ကန်မော်ကြီးကျေးရွာ၊ တောဝိုင်းမော်ကျေးရွာ၊ ကျားကတ်အော်ကျေးရွာ၊ ကော့သောင်းမြို့နယ်ရှိ ဘာလိအော်ကျေးရွာများသည် ပင်လယ်ကမ်းရိုးတန်းဘေးတွင် တည်ရှိသော ရွာများ ဖြစ်ပါတယ်။ ၎င်းရွာများမှ ကုန်းလမ်းခရီးထွက်ပေါက်အဖြစ် ဘုတ်ပြင်း၊ ကော့သောင်း ပြည်ထောင်စုလမ်းမသို့ ထွက်ရှိရန် ပို့ကောင်းဆီအုန်းကုမ္ပဏီကို ဖြတ်ပြီးမှ ထွက်ရမှာ ဖြစ်ပါတယ်။ ၎င်းကျေးရွာများသို့ သွားလာရလွယ်ကူအောင် ကားလမ်းများကိုလည်း ပို့ကောင်းဆီအုန်းကုမ္ပဏီက မြေသားကျောက်ခင်းလမ်း အဖြစ် ဖောက်လုပ်ပေးထားပါတယ်။

ထို့အပြင် ပင်လယ်ကျွန်းရှိ ကျေးရွာများဖြစ်သော အောင်ဆန်းတောင်ကျေးရွာ၊ အရှေ့ကမ်းကျေးရွာ၊ မသေကျေးရွာ၊ အုန်းပင်အော်ကျေးရွာ၊ ကမ်းတောကျေးရွာ၊ လမ်းပိကျွန်းအမျိုးသားဥယျာဉ် အနီးရှိ ဝါးကျွန်းကျေးရွာများမှ ရွာသူ ရွာသားဒေသခံပြည်သူများသည် ကုန်းလမ်းထွက်ပေါက်အဖြစ် သွားလာလိုလျှင်လည်း ပင်လယ်ကမ်းရိုးတန်းကျေးရွာများဖြစ်သော ကံမော်ကြီးကျေးရွာ၊ တောဝိုင်းမော် ကျေးရွာများသို့ ကူးတို့စက်လှေများဖြင့် လာရောက်ပြီးမှ ၎င်းကျေးရွာများမှတစ်ဆင့် ကားလမ်းဖြင့်

ပို့ကောင်းဆီအုန်းကုမ္ပဏီကိုဖြတ်ပြီး ဘုတ်ပြင်း - ကော့သောင်း ပြည်ထောင်စုကားလမ်းမပေါ် သွားရပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ Power Point ထဲမှာပြထားတဲ့အတိုင်း ဒီကားလမ်း၊ အနီရောင်ကားလမ်းတွေဟာ ဒီကျေးရွာချင်းဆက်လမ်းတွေကို ပို့ကောင်းဆီအုန်းကုမ္ပဏီက ဖြတ်ပြီးတော့ ပို့ကောင်းကုမ္ပဏီဝင်းကိုပဲ လာပြီးတော့ ပြည်ထောင်စုလမ်းမကို တက်ရပါတယ်ခင်ဗျား။ တကယ်လို့ ရှောင်ကွင်းလမ်း ဖောက်ပေးမယ်ဆိုရင် (၁)မိုင်လောက်ပဲရှိပါတယ် ခင်ဗျား။

ဒါကြောင့် ၎င်းကျေးရွာများတွင်နေထိုင်သော ဒေသခံပြည်သူများသည် ဘုတ်ပြင်း၊ ကော့သောင်း ပြည်ထောင်စုလမ်းပေါ်မှတစ်ဆင့် ဘုတ်ပြင်းမြို့၊ ကော့သောင်းမြို့နှင့် အခြားဒေသများသို့ သွားလာလိုသောသူများသည် မဖြစ်မနေ ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်းအတွင်းရှိ ကားလမ်းကိုဖြတ်သန်းပြီးမှ သွားရမှာဖြစ်ပါတယ်။ ကုမ္ပဏီကိုဖြတ်သန်းသွားသောအခါ ဂိတ်မှစစ်ဆေးပြီးမှ ဝင်/ထွက်ခွင့်ပြုပါတယ်။ နေ့ဘက်တွင် ဝင်/ထွက် သွားလာခွင့်ပြုသော်လည်း ညဘက်တွင် တော်ရုံတန်ရုံနှင့် ဖြတ်သန်းသွားလာခွင့်မပြုဘဲ ပိတ်ထားပါတယ်။ အရေးပေါ်ဖြတ်သန်းသွားလာရန်အတွက် သွားလိုလျှင်လည်း ခွင့်ပြုချက်တောင်းပြီးမှ အချိန်အကြာကြီးစောင့်ပြီးမှ စစ်ဆေးပြီးမှ သွားလာခွင့်ပြုပါတယ်။

၎င်းကျေးရွာများတွင် နေထိုင်သော ရွာသူရွာသား ဒေသခံပြည်သူများသည် ကျန်းမာရေးအတွက်သော်လည်းကောင်း၊ ပညာရေးအတွက်သော်လည်းကောင်း၊ ရပ်ရေးရွာရေးအတွက်သော်လည်းကောင်း၊ စားဝတ်နေရေးအတွက်သော်လည်းကောင်း၊ အလုပ်လုပ်ရန်အတွက်သော်လည်းကောင်း၊ စီးပွားရေးအတွက်သော်လည်းကောင်း ခရီးသွားလာရာတွင် ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်း ဂိတ်ကျမှ ဖြတ်သန်းသွားလာရာ အဆင်မပြေဖြစ်နေ၍ လွန်စွာအခက်အခဲကြုံနေပါတယ်။ ပို့ကောင်းဆီအုန်းကုမ္ပဏီစက်ရုံဝင်းကို ရှောင်ကွင်း၍ လမ်းသစ်ဖောက်လုပ်မည်ဆိုပါက (၁)မိုင်ခန့်သာ အကွာအဝေးရှိမည်ဖြစ်ပါတယ်။

သို့ဖြစ်၍ ရွာသူရွာသား ဒေသခံပြည်သူများ၊ ခရီးသွားလာပြည်သူများ၊ ခရီးသွားလာရေးလွယ်ကူအဆင်ပြေချောမွေ့စေရန် ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်းအတွင်းရှိ လမ်းကို နေ့စဉ် အစစ်အဆေးအမေးအမြန်းမရှိ နေ့ရောညပါ ဖြတ်သန်းသွားလာခွင့်ပြုပါရန် သို့မဟုတ် ဘုတ်ပြင်း - ကော့သောင်း ပြည်ထောင်စုကားလမ်းမသို့ထွက်ရန် ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်းဘေးမှ လမ်းသစ်ဖောက်လုပ်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အနီရောင်ကားလမ်းများသည် ကျေးရွာချင်းဆက်လမ်းအား ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်းမှ လာပြီး ပြည်ထောင်စုလမ်းမကို တက်ရသော မြင်ကွင်းပုံ (ဟ)




အနီရောင်ကားလမ်းများသည် ကျေးရွာချင်းဆက်လမ်းအား ပို့ကောင်းဆီအုန်းကုမ္ပဏီဝင်းမှ လာပြီး ပြည်ထောင်စုလမ်းမသို့ တက်ရသော မြင်ကွင်းပုံ (ဟ-၁)




**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ မေးခွန်းအားလုံးကို ကျွန်တော်တစ်ယောက်တည်း ဖြေကြားသွားပါမယ်။

ပထမမေးခွန်း(၁)ကတော့ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း က ချင်းပြည်နယ်ရှိ သစ်တောများ ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ သစ်တောဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန်နှင့် ငါဖိုင်ပီးကျေးရွာ လယ်မြေ ဧက(၅၀၀)နှင့် ဒေါန်ကျေးရွာ လယ်မြေရိုင်း ဧက(၅၀)တို့အား ဖော်ထုတ်ရေသွယ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့တို့နဲ့ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ တိုင်းဒေသကြီးများရဲ့ ပြည်နယ်သစ်တောများရဲ့ အဆင့်အတန်းနှင့် အရည်အသွေးကောင်းမွန်လာစေရေး၊ သစ်တောစိုက်ခင်းအပါအဝင် သစ်တောများ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို သစ်တောခရိုင်များအလိုက် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း၊ (District Forest Management Plan) များကို (၁၀)နှစ်တစ်ကြိမ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှနေပြီးတော့ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများနဲ့ စီမံအုပ်ချုပ်လျက်ရှိပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် သစ်တောများ ဖုံးလွှမ်းမှုကောင်းမွန်လာစေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးအတွက် သိသာထင်ရှားတဲ့ ပြောင်းလဲမှုအနေနဲ့ သစ်ထုတ်လုပ်မှုကိုရပ်နားခြင်း၊ သစ်များကိုလျှော့၍ ထုတ်စေခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သစ်တောပြုန်းတီးမှုနှုန်း၊ တောနိမ့်/တောပျက်ဧရိယာနဲ့ ရွက်အုပ်ပွင့်တောများအပေါ် အခြေခံပြီးတော့ ယခင်ဆောင်ရွက်ခဲ့တဲ့ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်း အတွေ့အကြုံများကနေပြီးတော့ အားနည်းချက်များကို ဖယ်ရှားပြီး လက်ရှိအခြေအနေနဲ့ လိုက်လျောညီထွေရှိတဲ့ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သဘာဝတောများ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအပါအဝင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ် ကနေပြီးတော့ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ ပထမ(၅)နှစ်စီမံကိန်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်ကနေ ၂၀၂၆-၂၀၂၇ ခုနှစ်အထိကို ဒုတိယစီမံကိန်းများဖြင့်လည်းကောင်း ပြည်သူ

များရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုနှစ်ကစပြီး စမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မေးခွန်း(၁)မှာ ချင်းပြည်နယ်ရှိ သစ်တောများ ပြန်လည်စိမ်းလန်းစိုပြည်လာရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းအရ ချင်းပြည်နယ်ရှိ သစ်တောများကိုလည်းပဲ ပြန်လည် စိမ်းလန်းစိုပြည်ရန်အတွက် ကျွန်တော် Power Point မှာ တင်ပြပါ (၁၀)နှစ်စီမံကိန်းကို လုပ်ငန်းကြီး (၉)ရပ်အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ပါဝင်တဲ့ ဓမ္မတာမျိုးဆက် အထောက်အကူပြုလုပ်ငန်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်း၊ အဲဒီမှာ နိုင်ငံတော်ပိုင် စိုက်ခင်းနဲ့ ပုဂ္ဂလိကစိုက်ခင်းတွေ ရှိပါတယ်။ နိုင်ငံတော်ပိုင်စိုက်ခင်းတွေအနေနဲ့ စီးပွားရေး စိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများကို ဧက(၁၀၄၅၀)၊ ပုဂ္ဂလိကစိုက်ခင်းများကို (၁၀၇၀၄)ဧက၊ အစုအဖွဲ့ပိုင်သစ်တောများကို (၁၂၇၆၄)ဧက၊ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းများကို (၁၇၅၀) ဧက အစရှိသဖြင့် ကျွန်တော်တို့ တည်ထောင်ပြီးတော့ (၁၀)နှစ် အတွင်းကို။ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ နံပါတ်(၂)မေးခွန်းမှာ တစ်မြို့နယ်လျှင် သစ်တော ဝန်ထမ်း(၃)ဦးသာ ခန့်ထားသဖြင့် လုပ်ငန်းများ မနိုင်မနင်း ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ သစ်တော ဝန်ထမ်းများ တိုးချဲ့ခန့်ထားရန် အစီအစဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားသွားပါမယ်။ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ချင်းပြည်နယ် ဝန်ထမ်းအင်အားရဲ့ ဖွဲ့စည်းပုံရယ်၊ ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်မှုအခြေအနေကို ကျွန်တော် တင်ပြထားပါတယ်။ အဲဒီမှာ သိတဲ့အတိုင်းပါပဲ၊ ခင်ဗျား။ ညွှန်ကြားရေးမှူးကနေပြီးတော့ နောက်ဆုံးတောကြပ်အထိက အားလုံး (၂၈၄)ဦး ခွင့်ပြုတဲ့ နေရာမှာ ကျွန်တော်တို့ (၁၅၉)ဦး ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၅၆)ရာခိုင်နှုန်းပဲ ရှိပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်ကနေပြီးတော့ တောကြပ်အထိဟာ တကယ်တမ်း ဖွဲ့စည်းပုံအရဆိုရင် ကျွန်တော်တို့ တကယ်ခန့်ထားနိုင်တာက (၆၂) ရာခိုင်နှုန်းပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မှာ ဝန်ထမ်းကလည်းပဲ ကျွန်တော်တို့ ဖြည့်ဆည်းခန့်ထားရန်အတွက် ကျွန်တော်တို့ တင်ပြထားပါတယ်။ သစ်တောဦးစီးဌာနရဲ့ လက်ရှိခွင့်ပြု ဖွဲ့စည်းပုံအင်အား တိုးမြှင့်ပြီး၊ တိုးချဲ့ပြီး အသစ်ပြန်လည် ဖွဲ့စည်းရရှိရေးအတွက် အထက်ဌာနများကို တင်ထားပြီးတဲ့အတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့်ကျရောက်လာလို့ရှိရင် ချင်းပြည်နယ်မှာလည်းပဲ ဝန်ထမ်းသစ် များကို တိုးချဲ့ခန့်ထားပေးနိုင်မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(၃)အနေနဲ့ ငါဖိုင်ပီးကျေးရွာ လယ်မြေရိုင်းဧက(၅၀၀)နှင့် ဒေါန်ကျေးရွာ လယ်မြေ ရိုင်းဧက(၅၀) တို့ကို ဖော်ထုတ်ရေသွယ်ပေးရန် အစီအစဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ချင်းပြည်နယ်အစိုးရကနေပြီးတော့ ဖြေကြားတာကို ကျွန်တော် အောက်ပါအတိုင်း ဖြေကြားပေးပါမယ်။

ကုန်းမြင့်ဒေသများမှာ ရွှေ့ပြောင်းနေထိုင်စိုက်ပျိုးရတဲ့ အခြေအနေမှ အတည်တကျ နေထိုင်နိုင်တဲ့ လူမှုဘဝကို ထူထောင်ပေးရန်၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းအစား လှေကားထစ်လယ်ယာ စိုက်ပျိုးမှုစနစ် အစားထိုးမှုနဲ့ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောမြေသယံဇာတများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန်၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရေးကို အထောက်အကူပြုစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ ဘိန်းအစားထိုးသီးနှံလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များနဲ့ ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ခြင်း စီမံကိန်းလုပ်ငန်းများကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရရန်ပုံငွေကနေပြီးတော့ ကျခံသုံးစွဲစေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များရဲ့ အတည်ပြုခွင့်ပြုမိန့်နှင့် စက်မှုလယ်ယာဦးစီးဌာနက ပြည်နယ်အစိုးရနှင့် ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ချင်းပြည်နယ်အစိုးရအနေနဲ့ ခွင့်ပြုမိန့်ရန်ပုံငွေဟာ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဧက(၁၅၀)၊ ၂၀၁၄-၂၀၁၅ မှာ ဧက(၁၅၀)၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဧက(၁၅၀)၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဧက(၁၅၀)တို့ကို စက်မှုလယ်ယာဦးစီးဌာနမှလည်းကောင်း၊ ချင်းပြည်နယ်အစိုးရ အစီအစဉ်ဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာတော့ ပြင်ပကုမ္ပဏီများကနေပြီးတော့ တင်ဒါခေါ်ပြီးတော့ ဧက (၅၆၅)ဧကကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရှင်းလင်းဖြေကြားချက်အရ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စက်မှုလယ်ယာဦးစီးဌာန အစီအစဉ်နဲ့ ဧက(၂၀၀)၊ ကန်ထရိုက်စနစ်နဲ့ ဧက(၁၀၀၀)၊ ဖော်ထုတ်နိုင်ရေး လျာထားခဲ့သော်လည်း ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်အရ ဌာနအစီအစဉ်နဲ့ ဧက(၂၀၀)၊ ကန်ထရိုက်စနစ်နဲ့ ဧက(၃၀၀)၊ စုစုပေါင်းဧက(၅၀၀)သာ ခွင့်ပြုရန်ပုံငွေရရှိကြောင်း သိရှိရပါတယ်။ ဒေသအတွင်း တောင်သူများမှလည်း စိတ်ဝင်စားစွာနဲ့ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးရန် လျှောက်ထားလာမှု များပြားလာသော်လည်း ပြည်နယ်အစိုးရကို ခွဲဝေချထားပေးတဲ့ ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်အပေါ် မူတည်ပြီး ဆောင်ရွက်ပေးရတဲ့အတွက် ဒေသခံတောင်သူများ လျှောက်ထားတဲ့ ကုန်းမြင့်လယ်ယာမြေအားလုံးကိုတော့ ဖော်ထုတ်ပေးနိုင်ခြင်း မရှိပါကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းပါ ဧက(၅၅၀)အား လည်းကောင်း၊ ဧက(၅၅၀)ကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တင်ပြပြီးတော့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး မြို့နယ်အလိုက် ခွဲဝေဖော်ထုတ်မယ့် အစီအစဉ်များ ထည့်သွင်းလျာထားမည် ဖြစ်ပါကြောင်းကို ဖြေကြားအပ်ပါတယ်။

ဒါ့အပြင် ချင်းပြည်နယ်အတွင်း မြေပြန့်တိုင်းဒေသကြီးများနဲ့ ထိစပ်နေတဲ့ မြေပြန့်ကုန်းမြင့်လယ်ယာဖော်ထုတ်နိုင်တဲ့နေရာ အမြောက်အမြားရှိသော်လည်း ယခုလက်ရှိ ခွင့်ပြုချထားပေးတဲ့ ဘဏ္ဍာရန်ပုံငွေများနှင့် အပြည့်အဝဖော်ဆောင်နိုင်ရန် အခက်အခဲရှိပါကြောင်းနှင့် စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးလုပ်ငန်းများမှာ နည်းပညာနဲ့

စက်ယန္တရားများ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့အကြား ထိပ်ရှိ ဝိတိုရိယတောင် ပတ်ဝန်းကျင်ဟာ လောဘသမားနယ်ခံတချို့က ညောင်စေးထောင်ပြီးတော့ ငှက်များကိုဖမ်းဆီးခြင်း၊ ကြိုးကွင်းထောင်၍ တောကောင်များဖမ်းဆီးခြင်းတို့ကြောင့် ငှက်မျိုးနှင့် တောကောင်မျိုးများ မျိုးသုဉ်းကုန်မည်ဖြစ်သဖြင့် သစ်တောဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပူးပေါင်းစီမံခန့်ခွဲပြီးတော့ ဝိတိုရိယတောင်ထိပ်တက်တဲ့ လမ်းကြောများမှာ စစ်ဆေးရေးဂိတ်များထားရှိပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ပေါင်းစပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ဝိတိုရိယတောင်ခေါ်တဲ့ နတ်မတောင်ဟာ ဧရိယာ (၁၇၆၂၀၂)ဧကရှိပြီးတော့ ဒီချင်းပြည်နယ်၊ မင်းတပ်ခရိုင် ကန်ပက်လက်၊ မင်းတပ်နဲ့ မတူပီမြို့နယ်များမှာ ကျရောက်နေပါတယ်။ မူလက ၁၉၃၆ ခုနှစ်မှာ မိုယ်းကြိုးဝိုင်းအဖြစ် သတ်မှတ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန်၊ ဧရာဝတီမြစ်ရဲ့ အရေးပါတဲ့ ရေဝေရေလဲဒေသတစ်ခုအဖြစ်ထိန်းသိမ်းရန်၊ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်များအပေါ် သုတေသနပြုလုပ်ရန်၊ အခွင့်အလမ်းများ ပံ့ပိုးပေးရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများဖြင့် ဒေသခံပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးရန် ရည်ရွယ်ချက်များနဲ့ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ သဘာဝနယ်မြေအမျိုးအစားတစ်ခုဖြစ်တဲ့ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှု၊ ထူးခြားတဲ့ဂေဟစနစ်များနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံများရှိတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၃ ခုနှစ်မှာ အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) အဖြစ် သတ်မှတ်ခြင်းကို ခံရပါတယ်။ မြန်မာနိုင်ငံရဲ့ ကမ္ဘာ့သဘာဝအမွေအနှစ် လျာထားတဲ့ စာရင်းဝင်(၇)နေရာမှာလည်းပဲ အပါအဝင် ဖြစ်ပါတယ်။ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးကိုတော့ ကန်ပက်လက်မှာ ဖွင့်ထားပြီးတော့ ဝန်ထမ်းအင်အား(၂၀)နဲ့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားဥယျာဉ်အတွင်းမှာ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်များ ရေရှည်တည်တံ့စေရန် ကင်းလှည့်ထိန်းသိမ်းခြင်းနဲ့ ဥပဒေစိုးမိုးမှုသက်ရောက်ခြင်း၊ ပညာပေးဟောပြောစည်းရုံးခြင်းနှင့် ခရီးသွားလုပ်ငန်းဖြင့် ဒေသခံပြည်သူများရဲ့ လူမှုဘဝမြှင့်တင်ခြင်းစတဲ့ အဓိကလုပ်ငန်းကြီး(၃)ခုကို ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားဥယျာဉ်အတွင်းမှာ ကင်းစခန်းအားဖြင့်(၃)ခုသာရှိပြီးတော့ အမျိုးသားဥယျာဉ်ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကမ္ဘာလှည့်ခရီးသွား လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနဲ့ပူးပေါင်းပြီးတော့ ကင်းလှည့်ထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက် ရှိတဲ့နေရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကင်းလှည့်ထိန်းသိမ်းခြင်း (၉၃) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ အကြိမ်(၅၀) လျာထားပြီးတော့ ယခု မေလကုန်အထိကတော့ (၁၆)ကြိမ် ဆောင်ရွက်ပြီးစီးပါတယ်။

အမျိုးသားဥယျာဉ်ဝန်ထမ်းများမှ ဒေသခံကျေးရွာများ၊ စာသင်ကျောင်းများကို သွားရောက်ပြီးတော့ ဒေသခံပြည်သူများ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ပညာပေးလုပ်ငန်း(၉)ကြိမ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပညာပေးလုပ်ငန်း(၁၂)ကြိမ်လျာထားပြီးတော့ မေလကုန်အထိကတော့ (၄)ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အများပြည်သူသိမြင်နိုးကြားစေခြင်းငှာ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ နတ်မတောင်အမျိုးသားဥယျာဉ် ပညာပေးပြခန်းကို နော်ဝေနိုင်ငံအထောက်အပံ့နဲ့ တည်ဆောက်နိုင်ရန်အတွက်လုပ်ငန်းများကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒေသခံပြည်သူများကနေပြီးတော့ အကျိုးတိုက်ရိုက်ခံစားစေခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များအပေါ် အမဲလိုက်သတ်ဖြတ်ခြင်းမပြုဘဲ ၎င်းတို့ရဲ့ ပင်ကိုယ်အသိစိတ်ဓာတ်နဲ့ ထိန်းသိမ်းကာကွယ်ခြင်းမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သစ်တောဦးစီးဌာနဟာ ဒေသခံပြည်သူများ အခြေပြုတဲ့မျက်ခုံးဖြူငှက်ပြာခြောက် ထိန်းသိမ်းရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ငှက်ပြာဟာဖြင့် ကမ္ဘာပေါ်မှာ နတ်မတောင်အမျိုးသားဥယျာဉ်ပတ်ဝန်းကျင်မှာပဲ တွေ့ရှိရတဲ့ အင်မတန်ရှားပါးတဲ့ငှက်မျိုးစိတ် ဖြစ်ပါတယ်။

မျက်ခုံးဖြူငှက်ပြာခြောက်နဲ့ အခြားရှားပါး ငှက်မျိုးစိတ်များကို အခြေခံမယ့် ဒေသခံပြည်သူအခြေပြု ငှက်ကြည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းအဖြစ် ကျက်စားရာနေရာများကို ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ ဒေသခံပြည်သူများအားသင်တန်းပေးခြင်း၊ ဒေသခံများစီမံအုပ်ချုပ်မယ့် တောတွင်းငှက်ကြည့်စခန်းများကို ကန်ပက်လက်-မင်းတပ် တောင်ပေါ်ကားလမ်း(၈)မိုင် တည်ဆောက် ခြင်းတို့ကိုဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ Power Point မှာတင်ပြထားပါတယ်။ မိုးရာသီကုန်ပြီးတော့ ပွင့်လင်းရာသီခရီးသွားဧည့်သည်တော်များ လာရောက်တဲ့အခါမှာ အမျိုးသားဥယျာဉ်သို့လာရောက်တဲ့ သဘာဝအခြေခံခရီးသွားဧည့်သည်များ၊ ငှက်ဝါသနာရှင်များမှ ဒေသခံများကိုလမ်းပြများအဖြစ် ငှားရမ်းအသုံးပြုရန်လည်းပဲ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မင်းတပ်ခရိုင်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ အရေးယူမှုမှာ ၂၀၁၅ ခုနှစ်မှာ (၁)မှု၊ ကျွန်တော်တို့ တရားခံ ကျား(၆)ဦး၊ ၂၀၁၆ ခုနှစ်မှာ (၂)မှု၊ တရားခံ ကျား(၄)ဦး Power Point မှာတင်ပြထားပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိကတော့ အရေးယူမှု မရှိပါဘူး။ သစ်တောဥပဒေနဲ့ အရေးယူတဲ့ နေရာမှာလည်းပဲ ၂၀၁၆ ခုနှစ်မှာ (၁)မှု၊ တရားခံ ကျား(၃)ဦး၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်အထိ (၁)မှု အရေးယူခဲ့ပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ မင်းတပ်မြို့နယ်အတွင်းအရေးယူမှုကတော့ ၂၀၁၅ ခုနှစ်မှာ (၅)မှု၊ ၂၀၁၆ ခုနှစ်မှာ (၁)မှု၊ သစ်တောဥပဒေနဲ့ အရေးယူတဲ့နေရာမှာ ၂၀၁၅ ခုနှစ်မှာ (၆)မှု၊ ၂၀၁၆ ခုနှစ်မှာ (၁)မှု၊ ကန်ပက်လက်မြို့နယ်မှာ ၂၀၁၅ ခုနှစ်မှာ (၂)မှု၊ ၂၀၁၆ ခုနှစ်မှာ (၁)မှုတို့ အရေးယူခဲ့ပါတယ်။ လက်ကိုင်လွှ (ချိန်းဆော)များကို အလေးထား ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အတွင်း တရားမဝင် လက်ကိုင်စက်လွှ(၈)လုံးကိုတော့ နတ်မတောင် အမျိုးသားဥယျာဉ်ရဲ့ဝန်းကျင်မှာ ကျွန်တော်တို့ သိမ်းဆည်းရမိခဲ့ပါတယ်။ အမျိုးသား

ဥယျာဉ်အတွင်းမှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊ အခြားမြေအသုံးချမှုများကို ထိန်းချုပ်တားမြစ်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်တဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဦးဆောင်ပြီးတော့ ဆက်စပ်ဌာနအဖွဲ့အစည်းများပါဝင်မှုနဲ့ မြို့နယ်အဆင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ထိန်းသိမ်းရေးကော်မတီကိုလည်းပဲ ဖွဲ့စည်းရန် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်နဲ့ ကန်ပက်လက်မြို့နယ်တို့အကြား ထိပ်ရှိ ဝိတိုရိယတောင် ပတ်ဝန်းကျင်မှာ လောဘသမားနယ်ခံတချို့ရဲ့ ညောင်စေးထောင်ပြီးတော့ ငှက်များဖမ်းဆီးခြင်း၊ ကြိုးကွင်းထောင်၍ တောကောင်များဖမ်းဆီးမှုကြောင့် ငှက်မျိုးများနှင့် တောကောင်မျိုးများ မျိုးသုဥ်းပျက်စီးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သစ်တောဦးစီးဌာနအနေနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ ဝိတိုရိယတောင်ထိပ် လမ်းကြောများမှာ စစ်ဆေးရေးဂိတ်ထားရှိရန်နဲ့ ပက်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားဥယျာဉ်အတွင်း ငှက်မျိုးစိတ်များနဲ့ တောရိုင်းတိရစ္ဆာန်များကို ပစ်ခတ်ဖမ်းဆီးခြင်း၊ သစ်ပင်များခုတ်လှဲခြင်းတို့ မဖြစ်ပေါ်စေရန်အတွက် ဝိတိုရိယတောင်ခြေ (၁၀)မိုင် (၄)ဖာလုံနေရာမှာ ယခုဘဏ္ဍာနှစ်အတွင်း ကင်းစခန်း (၁)လုံး တည်ဆောက်ပြီးတော့ အမျိုးသားဥယျာဉ်ဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းပြီးတော့ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ ရန်ပုံငွေနဲ့ ဝန်ထမ်းအင်အားရရှိမှုအရ ပူးပေါင်းစစ်ဆေးရေးဂိတ်များကိုလည်း ဆက်လက်တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

တတိယမေးခွန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့၊ မသေကျေးရွာအုပ်စုရှိ ပို့ကောင်းဆီအုန်းကုမ္ပဏီအတွင်းရှိ လမ်းများကို ရွာသူရွာသား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ နေ့ရောညပါ အချိန်မရွေး စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဖြတ်သန်းသွားလာခွင့် သို့မဟုတ် ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုကားလမ်းမကြီးသို့ ထွက်ရှိရန် ပို့ကောင်းကုမ္ပဏီ၏ဘေးမှ ရှောင်ကွင်း၍ လမ်းသစ်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပက်သက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ခုန ကိုယ်စားလှယ်တော်ကြီး Power Point မှာ ပြည့်စုံစွာ တင်ပြပြီးတဲ့အတွက် ကျွန်တော် အခြေခံအချက်အလက်များကိုတော့ ကျွန်တော် မရှင်းလင်းဘဲနဲ့ အဓိကကျတဲ့ အချက်အလက်များကိုပဲ ကျွန်တော် ဖြေကြားသွားပါမယ်။ ပို့ကောင်းဆီအုန်းကုမ္ပဏီဟာ ပါချိန်သစ်တောကြိုးဝိုင်းအတွင်း မြေဧရိယာ(၁၈၁၃၀)ဧကကို ဆီအုန်းစိုက်ပျိုးဖို့အတွက် နိုင်ငံတော်နဲ့ နှစ်ပေါင်း(၃၀) စာချုပ်ထားကြောင်းသိရှိရပါတယ်။ ပင်လယ်ကျေးရွာနေ ပြည်သူများအတွက် ပို့ကောင်းဆီအုန်းကုမ္ပဏီ ဝင်းဘေး (၁)မိုင်ကျော် နေရာကနေပြီးတော့ အဆိုပါပင်လယ်ကျေးရွာများကို လမ်းသစ်ဖောက်လုပ်ပေးရမည်ဆိုပါက ပြည်ထောင်စုလမ်းမကြီးမှ ကံမော်ကြီးကျေးရွာထိ(၂၅)မိုင်ခန့် ကျောက်ချောလမ်း ဖောက်လုပ်ပေးရမှာဖြစ်ပြီး ထိုလမ်းသစ်ဖောက်လုပ်ပေးမယ့် လမ်းကလည်းပဲ ကုမ္ပဏီနဲ့(၁)မိုင်ကျော်ခန့် ပြည်ထောင်စုလမ်းမကြီးဘေးမှ စဝင်ဝင်ချင်း ကုမ္ပဏီဝင်းကိုသာ ရှောင်ကွင်းသွားလာနိုင်ပြီး ကျန်အတွင်းပိုင်းလမ်း

များကတော့ ပို့ကောင်းကုမ္ပဏီဆီအုန်းခြံအတွင်းမှ ဖောက်လုပ်ထားရှိပြီးသော လမ်းကိုသာ ဆက်လက် အသုံးပြုသွားမှာ ဖြစ်ပါတယ်။

ထိုသို့ လမ်းသစ်အတိုင်း ပင်လယ်ကျေးရွာများကို သွားမယ်ဆိုပါကလည်း ပို့ကောင်း ကုမ္ပဏီ ဂိတ်(၃)ဂိတ်၊ ဂိတ်အမှတ်(၁)(၂)ကိုသာ ရှောင်နိုင်ပြီးတော့ နောက်ဆုံးဂိတ်(၃)ကိုတော့ ခွင့်ပြုချက် ထပ်မံတောင်းခံပြီးမှသာလျှင် ပင်လယ်ကျေးရွာများကို ဆက်လက်သွားနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာများရှိ ခရီးသွားပြည်သူများရဲ့ လွယ်ကူအဆင်ပြေ ချောမွေ့စေရန် လမ်းသစ်ဖောက်လုပ်ပေး မည်ဆိုပါက လက်ရှိပို့ကောင်းကုမ္ပဏီပိုင်မြေ ဆက်စပ်မြေလွတ်မြေရိုင်းနှင့် ဥယျာဉ်ခြံမြေများဟာ ကျေးရွာအတွင်းမှာ အနည်းငယ်သာရှိပြီး သီးသန့် ပို့ကောင်းဆီအုန်းကုမ္ပဏီကို ရှောင်ကွင်း၍ လမ်းသစ် ဖောက်ရန် လမ်းမြေမရှိခြင်း၊ ပို့ကောင်းဆီအုန်းကုမ္ပဏီပိုင် မြေဧရိယာ(၁၈၁၃၀)ဧကသည် ပါချိန်သစ်တော ဝိုင်းမြေဖြစ်တဲ့အတွက် သီးသန့်မြေဖောက်လုပ်ပေးရမည်ဆိုပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ သဘောတူခွင့်ပြုချက်ရမှသာ ဒေသခံပြည်သူများအတွက် လမ်းဖောက်ပေးခွင့်ရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပို့ကောင်းဆီအုန်းကုမ္ပဏီနှင့် ဆက်စပ်မြေ ငှားရမ်းဆောင်ရွက်ထားသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာနအနေနှင့် ဒေသနေ ခရီးသွားပြည်သူများ နေ့ရောညပါ အဆိုပါဆီအုန်းခြံလမ်းအား အချိန်ပြည့်ဝင်/ထွက်သွားနိုင်ရန်အတွက် ပို့ကောင်းဆီအုန်းကုမ္ပဏီခြံအတွင်း ဖြတ်လမ်းဖောက်လုပ်မည့် လမ်းဧရိယာအား စွန့်လွှတ်ပေးပြီး ကျေးရွာပိုင်လမ်းအဖြစ် သတ်မှတ်ပေးပြီးမှသာ နီးစပ်ရာ ဘဏ္ဍာရေးနှစ်များတွင် အဆင့်ဆင့်လျာထား တင်ပြပေးမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအနေဖြင့် ဖြေကြားသွားပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနအနေနဲ့ ဖြည့်စွက်ပြီးတော့ ဖြေကြားချင်တာကတော့ ပင်လယ်ကျေးရွာနေ ပြည်သူများအတွက် ပို့ကောင်းကုမ္ပဏီဆီအုန်းခြံအတွင်း လမ်းဖောက်မှုနှင့်ပတ်သက်ပြီးတော့ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ကုမ္ပဏီ အကြား ညှိနှိုင်းမှုရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနမှ ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ဖြည့်စွက် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးတောင်ဟောင်း အင်းအိုင်(၄)ခုအနက် တွင်းတောင်အင်းအတွင်း၌ နှစ်သန်းပေါင်း (၃၅၀၀) ကျော် ရှင်သန်ခဲ့သည့် ရှေးဦးအပင် စိမ်းပြာရေညှိ ခေါ် စပီရူလိုင်းနားများ မျိုးတုံး ပျောက်ကွယ်လုပြီ ဖြစ်သည့်အတွက် ထိုအခြေအနေကို အမြန်ဆုံး ဖော်ထုတ်အရေးယူပြီး နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးတောင်ဟောင်း အင်းအိုင်(၄)ခုအနက်

တွင်းတောင်အင်းအတွင်း၌ နှစ်သန်းပေါင်း(၃၅၀၀)ကျော် ရှင်သန်ခဲ့သည့် ရှေးဦးအပင် စိမ်းပြာရေညှိ ခေါ် စပီရူလိုင်းနားများ မျိုးတုံးပျောက်ကွယ်လုပြီ ဖြစ်သည့်အတွက် ထိုအခြေအနေကို အမြန်ဆုံး ဖော်ထုတ်အရေးယူပြီး နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းအတွင်းမှာ ဘူမိဖြစ်စဉ်များကြောင့် ဖြစ်ပေါ်ခဲ့တဲ့ အင်းများ ရှိပါတယ်။ ဒီအင်းတွေကတော့ စစ်ကိုင်းမှာရှိတဲ့ ရေကားအင်း၊ ဘုတလင်မှာရှိတဲ့ တွင်းတောင်၊ ချင်းတွင်းမြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ တွင်းမ အင်းနဲ့ တောင်ပျောက်အင်းတို့ ဖြစ်ပါတယ်။ Geologic Setting အရ ဒီအင်းတွေဟာ ဖြစ်ပေါ် လာပုံချင်း မတူပါဘူး။ ရေခါးအင်းဟာ ပြတ်ရွေ့ပေါ်မှာ တည်ရှိပြီးတော့ ကျန်တဲ့ဟာတွေကတော့ Volcanic Line ပေါ်မှာ တည်ရှိတာဖြစ်ပါတယ်။ ဒီအင်းကြီး(၄)ခုလုံးမှာ စပီရူလိုင်းနား ခေါ် စိမ်းပြာ ရေညှိများ ရှင်သန်ပေါက်ဖွားပြီးတော့ ကမ္ဘာပေါ်မှာ နိုင်ငံ(၄)ခုမှာလည်း ဒီဟာ ရရှိပြီးတော့ မြန်မာနိုင်ငံမှာ သာလျှင် အရည်အသွေးအကောင်းဆုံးနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်တယ်လို့ သိရှိရပါတယ်။ ဒီ စိမ်းပြာ ရေညှိဟာ HIV ပျောက်ကင်းစေတာ၊ ကိုယ်ခံအားစနစ်ကောင်းတာ သက်ကြီးရွယ်အိုများအတွက် သက်စောင့်ဆေးသဖွယ်ဖြစ်ပြီးတော့ နုပျိုဆေးများအဖြစ် အသုံးပြုကြတာ၊ အလှကုန်နဲ့ ဆေးဝါးပစ္စည်း အမျိုးမျိုးအဖြစ် အသုံးပြုကြတဲ့အတွက် အလွန်ရှားပါးပြီးတော့ တန်ဖိုးကြီးတဲ့အတွက် သယံဇာတ အရင်းအမြစ် (၁)ခု ဖြစ်ပါတယ်။ ဒီသယံဇာတအရင်းအမြစ်ကို ကျွန်တော်တို့လက်ထက်မှာ ပျောက်ကွယ် သွားလို့ မဖြစ်ပါဘူး။

ကမ္ဘာပေါ်မှာ ဆေးဖက်ဝင်အပင်များနဲ့ သစ်ပင်များ ပေါ်ပေါက်လာတာ နှစ်သန်းပေါင်း (၂၄၀)ခန့်က ဖြစ်ပါတယ်။ ငါးများ ပေါ်ပေါက်လာတာ နှစ်သန်းပေါင်း(၆၀၀)ကျော်က ဖြစ်ပါတယ်။ ဒီစပီရူလိုင်းနားလို့ခေါ်တဲ့ စိမ်းပြာရေညှိ ပေါ်ပေါက်လာတာ နှစ်သန်းပေါင်း (၃၅၀၀)ကျော်က ဖြစ်ပါတယ်။ မြန်မာ့အမွေအနှစ်အဖြစ်သာမက ကမ္ဘာ့အမွေအနှစ်အဖြစ်ပါ သတ်မှတ်သင့်တဲ့သယံဇာတအရင်းအမြစ် (၁)ခုလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်မှာ IUCN လို့ ခေါ်တဲ့ ကမ္ဘာ့နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစာချုပ်ကို မြန်မာနိုင်ငံလည်း ပါဝင်ပြီးဖြစ်တဲ့အတွက် National Heritage အဖြစ် ကမ္ဘာ့အမွေအနှစ်အဖြစ်၊ မြန်မာ့အမွေအနှစ် အရင်းအမြစ်အဖြစ် သတ်မှတ်သင့်တဲ့ အကြောင်းတော့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးစေလိုပါတယ်။ ဒါက တော့ အပေါ်ဆုံးက တွေ့တာကတော့ မျဉ်းကြောင်းအနီကတော့ ရှင်မချောက်လို့ခေါ်တဲ့ဟာ၊ အဲဒီရဲ့ အောက်က ဘုတလင်အနီးက တွင်းတောင် ဖြစ်ပါတယ်။ ဒီအောက်က ချင်းတွင်းမြစ် ဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရဲ့ ဒီဘက်မှာ တွင်းမအင်း၊ တောင်ပျောက်အင်း အစရှိတဲ့အင်းတွေဖြစ်ပါတယ်။ ဒါကတော့ တွင်းတောင်ကို အပေါ်စီးကနေ မြင်ရတာဖြစ်ပါတယ်။ ဒါကတော့ တွင်းတောင်အင်းအတွင်းမှာ ရေချို

ပမာဏမြင့်မားလာမှုကြောင့် စက်ရုံအဆောက်အဦများအထိပါ ရေတွေဝင်ရောက်လာတာကို ကျွန်တော်တို့ ပြီးခဲ့တဲ့ (၅)လပိုင်းကသွားတုန်းက တွေ့ရှိခဲ့ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်း အတူတူပါပဲ။ ဒါက တွင်းတောင်ရဲ့ ကမ်းနံဘေးမှာ ရေချိုပမာဏ ဝင်ရောက်လာမှုကြောင့် ရေချိုထဲမှာ ပေါက်ရောက်ရှင်သန်နိုင်တဲ့ ရှင်မွေးလွန်း မြက်ပင်တွေ တောထလာတာ ဖြစ်ပါတယ်။ ဒါကို မရှင်းလင်းနိုင်တာပါ။

ဒါကတော့ တွင်းတောင်အင်းအတွင်းမှာ ကျွန်တော်တို့ အရင်က ရွာ(၁)ရွာ ရှိပါတယ်။ အဲဒီရွာက ၁၉၈၉-၁၉၉၀ ခုနှစ်လောက်မှာ ငှက်ဖျားအလွန်အကျွံ ဖြစ်တဲ့အတွက်ကြောင့် ဒီရွာထဲက တွင်းတွေထဲကို အစိုးရကနေပြီးတော့ ပိုးလောက်လန်းများ သေစေဖို့အတွက် ငါးတွေ၊ တီလားဗီးယားငါးတွေကို မွေးမြူစေခဲ့ပါတယ်။ ရွာဟာ လူဦးရေ (၁၀၀၀)လောက်ရှိပြီးတော့ ရေတွင်းပေါင်းက (၁၃၀၀)လောက် ရှိပါတယ်။ ကွမ်းလုပ်ငန်းလုပ်ကိုင်ကြတဲ့အတွက်။ စက်ရုံကနေပြီးတော့ စက်ရုံနဲ့ အစိုးရနဲ့ဖက်စပ်ပြီးတော့ ဆောင်ရွက်ကြတဲ့အခါမှာ ဒီရေတွင်းတွေကို ပိတ်လိုက်တဲ့အခါမှာ၊ ဖျက်လိုက်တဲ့အခါမှာ ငါးတွေဟာ ငါးတွေနဲ့ရေတွေဟာ အင်းထဲကို ရောက်ရှိလာတာ ဖြစ်ပါတယ်။ ဒါကတော့ စက်ရုံရဲ့၊ ကုမ္ပဏီရဲ့ စိမ်းပြာရေညှိထုတ်လုပ်မှု ဖြစ်ပါတယ်။ ထုတ်လုပ်မှုဟာ တစ်စတစ်စ မြင့်တက်လာပြီး နောက်ဆုံးမှာလျော့သွားပြီးတော့ အခုအခါမှာ လုံးဝထုတ်လုပ်နိုင်ခြင်း မရှိဘဲနဲ့ မျိုးတုံးလုအခြေအနေကို ရောက်ရှိသွားတာ ဖြစ်ပါတယ်။ ဒါကတော့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အဲဒီရွာကို၊ ရွှေ့ပြောင်းခံရတဲ့ ရွာလေးဆီကို ကျွန်တော်သွားတဲ့အခါမှာ တွေ့ရှိခဲ့ရတဲ့ ထူးဆန်းတဲ့ပြန့်ကြဲနေတဲ့ ကျောက်တုံးများနဲ့ ကြေးလက်နက်များပါ။ အဲဒီဘေးကရှိတာကတော့ တွင်းပိုးဖြစ်ပါတယ်။ တွင်းတောင်မှာ မထွက်တော့ပါဘူး။ ချင်းတွင်းမြစ်ရဲ့ အနောက်ဘက်ကမ်းက တွင်းမဆီက ထွက်တဲ့ဟာကို သူတို့ ဧည့်ခံတာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နောက်ပြီးတော့ ဒီမြစ်ရေတင်စီမံကိန်းကြောင့် ကျွန်တော်တို့ ရေချိုတွေပမာဏမြင့်တက်လာတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့်လို့ ရေချိုမြင့်တက်လာရခြင်းရဲ့ အကြောင်းအရင်းကို ကျွန်တော်တို့ သေချာလေ့လာကြည့်တဲ့အခါမှာ တချို့ချန်လှပ်ထားတဲ့ အချက်အလက်များ ရှိတယ်လို့ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုလို့ရှိရင် ကုမ္ပဏီရဲ့ ဒီခုနက ကျွန်တော်တို့ ဒီရေညှိထုတ်ယူတဲ့အခါမှာ အလွန်အကျွံ ထုတ်ယူတဲ့ပမာဏ၊ ခုနက ဇယားမှာလည်း ပါ ပါတယ်။ ရေညှိအလွန်အကျွံ ထုတ်ယူတာ နောက်တစ်ခါ ဒီရေညှိကို ကုန်ချောအဖြစ် ထုတ်လုပ်တဲ့နေရာမှာ သုံးစွဲတဲ့ရေပမာဏ အလွန်အကျွံ များပြားတာလည်း ရှိပါတယ်။ နောက်တစ်ခုက ဒီကုမ္ပဏီက တင်ပြထားသလို ဒီမြစ်ရေတင်စီမံကိန်းကြောင့် --------------

**ဥက္ကဋ္ဌ**။                    ။ ထိုင်ပါတော့ အချိန်ပြည့်သွားပါပြီ။

တွင်းတောင်၏ မြင်ကွင်းပုံ (၄)



စက်ရုံ ရှင်းလင်းဆောင်အထိ ရေမြင့်တက်လာသော မြင်ကွင်းပုံ (၄-၁)



ရေချိုထဲတွင်ပေါက်ရောက်နေသော ရှင်မွေးလွန်းမြက်ပင်များ တောထနေသော မြင်ကွင်းပုံ (၄-၂)



**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၁။**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။ ယခု အစည်းအဝေးမှာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ၏ စစ်ကိုင်းတိုင်းဒေသကြီးရှိ တွင်းတောင်အင်းအတွင်းရှိ စိမ်းပြာရေညှိ ခေါ် စပီရူလိုင်းနားများ မျိုးတုံးပျောက်ကွယ်လုပြီဖြစ်သည့် အခြေအနေကို ဖော်ထုတ်အရေးယူပြီး နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့်မေးခွန်းနဲ့ ပက်သက်လို့ စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာမှာ စိမ်းပြာရေညှိကို မက္ကဆီကို၊ ချက်ဒ်၊ အီသီယိုးပီးယား၊ ကင်ညာ၊ တရုတ်နဲ့ မြန်မာနိုင်ငံတို့မှာသာ သဘာဝအလျောက် တည်ရှိနေနိုင်ပြီး သဘာဝမှ စီးပွားဖြစ် ထုတ်လုပ်နိုင်သည်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံမှာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ရေခါးအင်း၊ တွင်းတောင်အင်း၊ တွင်းမအင်းနဲ့ တောင်ပျောက်အင်းတို့ဟာ စိမ်းပြာရေညှိများကို ထုတ်လုပ်ရရှိနိုင်ပါတယ်။ မြန်မာ့ (စပီရူလိုင်းနား) မျိုးများဟာ အခြားနိုင်ငံမျိုးများထက် ဗိုင်းရပ်စ်ပိုး ဟန့်တားနိုင်မှု ပိုမိုမြင့်မားကြောင်း ၂၀၀၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ သုတေသနပြုလုပ်ခဲ့တဲ့ စာတမ်းမှာ ဖော်ပြထားပါတယ်။ စိမ်းပြာရေညှိ စပီရူလိုင်းနားဟာ ပရိုတင်းဓာတ် အထူးကြွယ်ဝပြီး လူတို့အတွက် လိုအပ်သော အာဟာရဓာတ်များ မျှတစွာပါဝင်တဲ့ သဘာဝသယံဇာတတစ်မျိုး ဖြစ်ပါတယ်။ သာမန် ရေချိုနှင့် ရေငန်များတွင် ပေါက်ဖွားနိုင်ခြင်းမရှိဘဲ ရေ၏ချဉ်ငန်ဓာတ် pH level (9.8) မှ (10.5)အတွင်း ဆားပါဝင်မှု (3 to 5 parts per thousand) အတွင်းမှာနဲ့ အပူချိန် (18°C မှ 40°C)အတွင်း ရှင်သန်ပေါက်ဖွားနိုင်ပြီး အသင့်လျော်ဆုံး အပူချိန်ကတော့ (30°C မှ 35°C)အတွင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိမ်းပြာရေညှိ ထုတ်လုပ်နိုင်တဲ့ အင်းကြီး(၄)အင်းရှိတဲ့အနက် တောင်ပျောက်အင်းနဲ့ တွင်းတောင်အင်းတို့မှာ ရေချိုစိမ့်ဝင်မှုတို့ကြောင့် ရေရဲ့ pH Level ကျဆင်းခဲ့ပါတယ်။

အထူးသဖြင့် ၂၀၀၇ ခုနှစ်၊ မိုးရာသီမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တွင်းတောင်အင်းအတွင်းသို့ ရေချိုများဝင်ရောက်ပြီး pH level နှင့် ဆားပါဝင်နှုန်းကျဆင်းခြင်း၊ ရေဘုတလင်မြစ်ရေတင်စီမံကိန်းမှ ရေချိုများ အက်ကြောင်းများမှတစ်ဆင့် စိမ့်ဝင်လာပြီး အင်းရေမျက်နှာပြင်တက်လာခြင်း၊ မိုးရွာသွန်းမှု မြင့်မားလာခြင်းတို့ကြောင့် အနီးပတ်ဝန်းကျင်ရှိ ကွမ်းခြံရေတွင်းဟောင်းများမှာ မွေးမြူထားတဲ့ မျိုးပွားနှုန်းမြန်ဆန်တဲ့ တီလားဗီးယားငါးများ အင်းအတွင်းကို ဝင်ရောက်လာပြီး

စိမ်းပြာရေညှိ များကို စားသုံးခြင်း စသည်တို့ကြောင့် စိမ်းပြာရေညှိမျိုးများ မျိုးတုံးပျောက်ကွယ်လုမည့် အခြေအနေသို့ ရောက်ရှိခဲ့ရပါတယ်။

သို့ပါ၍ စက်မှုဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ ပါဝင်တဲ့ အဖွဲ့များနဲ့ ကွင်းဆင်းစစ်ဆေးခဲ့ကြပါတယ်။ ၎င်းအပြင် ဘူမိဗေဒပညာရှင်များ၊ သဘာဝ ပတ်ဝန်းကျင်လုပ်ငန်း ပညာရှင်များ၊ ဂျာမနီနိုင်ငံမှ ကျွမ်းကျင်ပညာရှင် Dr.Otto Pulz အပါအဝင် စိမ်းပြာရေညှိ လက်တွေ့ထုတ်လုပ်နေကြတဲ့ ကုမ္ပဏီများမှ တာဝန်ရှိသူများနဲ့ အလုပ်ရုံဆွေးနွေးပွဲ (၄)ကြိမ် ပြုလုပ်၍လည်းကောင်း၊ တရုတ်နိုင်ငံမှ ဘူမိဗေဒပညာရှင် ပါမောက္ခ Guoqiang Chu ကိုလည်းကောင်း ဖိတ်ခေါ်၍ တွင်းတောင်အင်းရဲ့ အခြေအနေကို ကွင်းဆင်းလေ့လာပြီး ညှိနှိုင်းမှုများ၊ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ဆွေးနွေးမှုများမှာ ပြည်တွင်းပြည်ပ ပညာရှင်များက တွင်းတောင်အင်းအတွင်းသို့ ပြင်ပမှ ရေချိုများ မဝင်ရောက်နိုင်ရေးအတွက် ရေဘုတလင် မြစ်ရေတင်ရေမြောင်းရဲ့ ပေ(၅၆၀၀)နဲ့ ပေ(၈၄၀၀)အတွင်းရှိ ရေချိုများ စိမ့်ဝင်နိုင်တဲ့ အဓိကနေရာ Crack Line Zone များအား ကွန်ကရစ်များပြုလုပ်ခြင်း ဒါမှမဟုတ် Plastic Lining ခင်းခြင်း ဒါမှမဟုတ် Plastic Pipe များဖြင့် အစားထိုးလဲလှယ်ခြင်းတို့ ဆောင်ရွက်ရန် စိမ်းပြာရေညှိနဲ့ တွင်းပိုးများကိုစားတဲ့ ငါးများကို ဖယ်ရှား ရှင်းလင်းရန်၊ စိမ်းပြာရေညှိပင်များ မျိုးထိန်းစောင့်ရှောက်နိုင်ရေး၊ ဇီဝဗေဒဆိုင်ရာ ဂေဟစနစ်များ ထိန်းညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်တို့ကို လိုအပ်လျက်ရှိကြောင်း အကြံပြုခဲ့ကြပါတယ်။

၂၀၁၄ ခုနှစ်မှာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အဓိက Crack Line မှာ စုစုပေါင်း ပေ(၁၀၀၀)ခန့်ကို ကွန်ကရစ်ရေမြောင်း ပြုလုပ်ပေးခဲ့ခြင်းကြောင့် ရေချိုဝင်ရောက်မှု လျော့နည်းပြီး မူလအင်းရေမျက်နှာပြင်(၇၂)လက်မမှ (၄၆.၂)လက်မထိ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှာ ကျဆင်းခဲ့လို့ စိမ်းပြာရေညှိများ ပြန်လည်မျိုးပွားလာနိုင်မယ့် အခြေအနေကောင်းများ ပေါ်ပေါက်ခဲ့ပါတယ်။ ရေချို အဓိကစိမ့်ဝင် နေတဲ့ အင်းရဲ့မြောက်ဘက်ပိုင်းမှာ စက်မှုဝန်ကြီးဌာနက သံအိတ်များဖြင့် ကာရံ တားဆီးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

သို့ရာတွင် Crack Line Zone အတွင်းမှာ ကွန်ကရစ်ရေမြောင်းပြုလုပ်ရန် ကျန်ရှိနေ သေးတဲ့နေရာများမှာ ရေချိုများ ဆက်လက်စိမ့်ဝင်နေခြင်းနဲ့ ၂၀၁၆ ခုနှစ်၊ မိုးရာသီမှာ မိုးရွာသွန်းမှု မြင့်မားခြင်းတို့ကြောင့် စက်တင်ဘာလအတွင်းမှာ အင်းရေမျက်နှာပြင်ဟာ(၈၄)လက်မအထိ အမြင့်ဆုံး အခြေအနေသို့ တစ်ဖန်ပြန်လည်ရောက်ရှိခဲ့ရပြန်ပါတယ်။ အဓိက ရေချိုဝင်ရောက်မှုကို တားဆီးနိုင်ရန် ရေဘုတတင် ရေတင်မြောင်းရဲ့ ကွန်ကရစ်ရေမြောင်း ပြုလုပ်ပြီးသော ပေ(၁၀၀၀)ခန့်နေရာရဲ့ အထက် ဘက် မြေသားရေမြောင်းမှာ Plastic Lining (၁)မိုင်ခန့်ဆောင်ရွက်နိုင်မှာဖြစ်လျှင် ရေချိုဝင်ရောက်မှု ကို အထိုက်အလျောက် တားဆီးနိုင်မှာ ဖြစ်ပါတယ်။ စိမ်းပြာရေညှိထွက်ရှိတဲ့ အင်းဖြစ်သော ရေခါး အင်းဟာ ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်များမှာ မိုးရွာသွန်းမှုများပြားပြီး အင်းဝန်းကျင်ရှိ ကျေးရွာများမှ ရေချိုကန်များ ကျိုးပေါက်ကာ အင်းအတွင်းသို့ ရေချိုများဝင်ရောက်ခြင်း၊ တီလားဗီးယားငါးများ ဝင်ရောက်ပွားများခြင်းတို့ကြောင့် အင်းရဲ့ pH level ကျဆင်းခဲ့ရလို့ စိမ်းပြာရေညှိ ထုတ်လုပ်နိုင်ခြင်း

မရှိခဲ့ပါဘူး။ ရေတားတမံများ ထပ်မံတည်ဆောက်ပြီး အင်းအတွင်းသို့ ရေချိုဝင်ရောက်ခြင်းကို ဟန့်တားနိုင်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာ စိမ်းပြာရေညှိများ ပြန်လည် ထွက်ရှိလာခဲ့ပြီးတဲ့နောက် ၂၀၁၆ ခုနှစ်မှာ ရေကားအင်းနဲ့ သဘာဝ စိမ်းပြာရေညှိများကို စီးပွားဖြစ် ပြန်လည် ထုတ်ယူနိုင်ခဲ့ပါတယ်။ စိမ်းပြာရေညှိ ကုန်ကြမ်းများကို ရယူပြီး ကုန်ချောအဖြစ် ဆေးဝါးများ၊ စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများနဲ့ ဘေးထွက်ကုန်ကြမ်းများကို အသုံးပြု၍ သဘာဝ Organic ဓာတ်မြေဩဇာ ထုတ်လုပ်လျက်ရှိနေပါတယ်။ စပီရူလိုင်းနားမှာ ပါဝင်တဲ့ ဆေးဝါးများဟာ ပရိုတင်းဓာတ်ပါဝင်နှုန်း ကြက်ဥထက်ပင် မြင့်မားလို့ အာကာသမှူး (Astronauts) များပင် အသုံးပြုခဲ့ကြောင်း သာဓကများစွာ တွေ့ရှိခဲ့ရပါတယ်။ ထို့ပြင် နေရောင်ခြည်ဖြင့် စိမ်းပြာရေညှိများ အစာချက် ဓာတ်ပြောင်းလဲမှုဖြစ်စဉ်မှာ စပီရူလိုင်းနား(1) Ton ထွက်ရှိရန် လေထုအတွင်းမှာ $CO_2$ (2)Ton ကို စုပ်ယူပြီးတော့ အစာချက်ပြီး လေထုအတွင်းကို အောက်ဆီဂျင် ပြန်လည်ထုတ်လွှတ်ပေးနိုင်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရေခါးအင်းရဲ့ နမူနာကို ရယူပြီး တွင်းတောင်အင်းအတွင်း ရေချိုဝင်ရောက်ခြင်းကို ထိန်းသိမ်းပြုပြင် ဆောင်ရွက်သွားမည် ဆိုပါက စိမ်းပြာရေညှိများ မျိုးတုံးပျောက်ကွယ်မှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ်လို့ ယခင်အတိုင်း စီးပွားဖြစ်ပြန်လည် ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ် မီးတောင်အတွင်းမှာ သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ တွင်းမတွင်းနဲ့ တောင်ပျောက်တွင်းတွေမှာ စိမ်းပြာရေညှိထွက်ရှိတဲ့ သဘာဝအလှတရားများ ဖြစ်ပေါ်နေတဲ့နေရာမှာ ဆိုရှယ်မီဒီယာများမှတစ်ဆင့် ဖော်ပြမှုတို့ကြောင့် ၂၀၁၆ ခုနှစ်မှအစပြုပြီးတော့ လာရောက်လေ့လာလည်ပတ်သူများ များပြားလာတဲ့အတွက် အပန်းဖြေစခန်း တည်ဆောက်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြမှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က စက်မှုဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါတယ်။ သဘာဝအပန်းဖြေစခန်း တည်ဆောက်ခြင်းကြောင့် ခရီးသွားများနဲ့ စားသောက်ဆိုင်များမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးနိုင်ခြင်း၊ စက်တပ်လှေများမှ ထွက်ရှိလာမည့် အခိုးအငွေ့နှင့် စက်သုံးဆီများကြောင့် သဘာဝစိမ်းပြာရေညှိထွက်ရှိမှုကို ဆိုးရွားစွာထိခိုက်စေခြင်း၊ ပျောက်ကွယ်စေခြင်းတို့ ဖြစ်နိုင်ခြင်းကြောင့် ခွင့်မပြုသင့်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါတယ်။

သဘာဝစိမ်းပြာရေညှိများ မျိုးတုံးပျောက်ကွယ်မှု မရှိစေရေးအတွက် စက်မှုဝန်ကြီးဌာန အနေနဲ့ ပညာရှင်များရဲ့ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်လျက် ရှိနေပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စိမ်းပြာရေညှိထိန်းသိမ်းခြင်း လုပ်ငန်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်အပိုင် ဘုရားဈေးသစ် (စည်ပင်သာယာဈေး)တွင် ဖြစ်ပေါ်နေသော တရားမဝင် အပြင်ဈေးတန်း ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် နှစ်ပေါင်းများစွာ ကြာနေသဖြင့် ယိုယွင်းပျက်စီးနေသော ဘုရားဈေးသစ်ကို ခေတ်မီဈေးသစ်အဖြစ် ပြန်လည်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်အပိုင် ဘုရားဈေးသစ် (စည်ပင်သာယာဈေး)တွင် ဖြစ်ပေါ်နေသော တရားမဝင် အပြင်ဈေးတန်း ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် နှစ်ပေါင်းများစွာ ကြာနေသဖြင့် ယိုယွင်းပျက်စီးနေသော ဘုရားဈေးသစ်ကို ခေတ်မီဈေးသစ် အဖြစ် ပြန်လည်တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာ ရပ်ကွက်အပိုင် ဘုရားဈေးသစ် (စည်ပင်သာယာဈေး) တွင် ဖြစ်ပေါ်နေသော တရားမဝင် အပြင်ဈေးတန်း ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် နှစ်ပေါင်းများစွာကြာသဖြင့် ယိုယွင်းပျက်စီးနေသော ဘုရားဈေး သစ်ကို ခေတ်မီဈေးသစ်အဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် မေးခွန်းကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ရည်ရွယ်ချက်ကတော့ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်အပိုင် ဘုရားဈေးသစ် (စည်ပင်သာယာဈေး)တွင် ဖြစ်ပေါ်နေသော တရားမဝင် အပြင်ဈေးတန်း ဖျက်သိမ်းပေးရန်နှင့် ယိုယွင်း ပျက်စီးနေသော ဘုရားဈေးသစ် ပြန်လည်တည်ဆောက်ပေးရန် ရည်ရွယ်ပါတယ်။ ဘုရားဈေးသစ် (စည်ပင်သာယာဈေး)အတွင်းတွင် ဆိုင်ခန်းလွတ်နေရာများစွာ လွတ်နေပါလျက် ဈေးအရှေ့ဘက် အောင်သုခလမ်းနှင့် ဈေးတောင်ဘက် ခေမာရုံသီလမ်းများပေါ်တွင် နေ့(၂)နာရီခန့်မှစ၍ ဘုရား ဈေးသစ်အတွင်းမှ ဈေးသည်များမဟုတ်ဘဲ ပြင်ပအရပ်အသီးသီးမှ ဈေးသည်များ ဈေးဆိုင်ခန်းများ ခင်းပြီး ရောင်းချလျက်ရှိသည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပါပြီ။ ဘုရားဈေးသစ်အတွင်းမှာ နိုင်ငံတော် အတွက် နိုင်ငံတော် အခွန်ဝန်ထမ်း ဈေးခန်းပိုင်ရှင် ဈေးသည်များသည် ဈေးရောင်းရခြင်း လျော့နည်း လာ၍ မိမိတို့ဆိုင်ခန်းများကိုပင် ပစ်ထားပြီး အပြင်ဈေးတန်းသို့ ပြောင်းရွှေ့ရောင်းချရပါတယ်။

အပြင်ဈေးတန်းတွင် နေရာပေးရခြင်း၊ ဈေးကောက်ပေးရခြင်း၊ အခြားအကောက်အစား များလည်း ပေးရပါသည်။ ရောင်းကုန်များကို အပြင်ဈေးတန်းသို့ ပြောင်းရွှေ့ရခြင်း၊ ဈေးပိတ်ချိန်တွင် မိမိဆိုင်ခန်းများသို့ ပြန်လည်သယ်ရခြင်း၊ ကုန်ပစ္စည်းလေလွင့်ခြင်း၊ တရားဝင်အခွန်များကိုလည်း

ပေးဆောင်နေရခြင်း အကြောင်းများကြောင့် စိတ်ဆင်းရဲဖြစ်ရပြီး ရင်းနှီးမြှုပ်နှံမှု ဆုံးရှုံးနစ်နာခြင်းတို့ကြောင့် ဈေးရင်းများပြုတ်ကာ ဈေးဆိုင်အများအပြား ဈေးမထွက်နိုင်ခဲ့ခြင်း ဖြစ်ခဲ့ကြပါသည်။ ညနေခင်း (၂)နာရီနောက်ပိုင်း ဈေးထွက်ချိန်တွင် ဈေးစည်ကားနေသော အချိန်တွင် အောင်သုခလမ်းမြောက်ဘက်ပိုင်းနှင့် သနပ်ပင်လမ်းမကြီးဆုံရာတွင် ဆိုင်ကယ်များ၊ တုတ်တုတ်များ၊ ဆိုက္ကားများနှင့် လူများပိတ်ဆို့မှုကြောင့် ယာဉ်မတော်တဆ တိုက်ခိုက်မှုများလည်း ကြုံတွေ့နေရပါသည်။ ပြည်သူ့အစိုးရ NLD တက်လာသောအခါ ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးရှေ့မှောက်သို့ ဈေးသည်များစုပေါင်း၍ ၂၀၁၆ ခုနှစ်၊ (၆)လပိုင်းတွင် တိုင်ကြားခဲ့ပါသည်။

စည်ပင်သာယာဝန်ကြီးနှင့်အဖွဲ့ ဈေးသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာ ဘုရားဈေးသစ်ရဲ့ အခွန်ထမ်း မူရင်းဈေးသည်များ နစ်နာဆုံးရှုံးနေခြင်းကို မျက်မြင်တွေ့၍ ဘုရားဈေးသစ် တာဝန်ခံ အား ထိုတရားမဝင် အပြင်ဈေးတန်းကို ထိန်းသိမ်းပေးရန် ညွှန်ကြားခဲ့ပါတယ်။ သို့သော် ဝန်ကြီးစစ်ဆေး ညွှန်ကြားပြီး (၅)ရက်ခန့်သာ တရားမဝင် အပြင်တန်းများ ရုပ်သိမ်းသွားပြီး နောက်ပိုင်းတွင် ပြန်လည် ရောင်းချနေသည်မှာ ယခုတိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘုရားဈေးသစ် အတွင်းမှာရှိတဲ့ ပျက်စီးနေတဲ့ အတွင်းဘက် ဈေးလမ်းမကြီး ဖြစ်ပါတယ်။ ဒါလည်း အဲဒီ ဘုရားဈေးသစ်အတွင်းမှာပဲ တည်ရှိနေတဲ့ ဈေးတန်း၊ ဆိုင်ခန်းတွေဖြစ်ပါတယ် ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ အောင်သုခလမ်းပေါ် (၂) နာရီထိုးလို့ရှိရင် ဈေးရောင်းချဖို့အတွက် တရားမဝင်ဈေးတန်း ဖြစ်ပါတယ်။ ဒါလည်း တရားမဝင်ဈေးတန်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘုရားဈေးသစ်ရဲ့အတွင်းမှာရှိတဲ့ အိမ်သာဘက်ကိုသွားတဲ့လမ်း ဖြစ်ပါတယ်။ ဒါက လမ်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘုရားဈေးသစ်အတွင်းမှာရှိတဲ့ ဈေးလမ်းတွေဟာ ပျက်စီးယိုယွင်းနေပြီး၊ ဆိုင်တွေကလည်း ပျက်စီးယိုယွင်းနေပြီး တော်တော်လေးကို အခြေအနေဆိုးနေပါတယ်။ ဒါကတော့ ကျွန်တော်တို့ အောင်သုခလမ်းကြားလမ်းမှာ ဈေးဝယ်တဲ့နေရာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေးထားပါတယ်။ နံနက် (၆)နာရီမှ ညနေ (၅)နာရီအတွင်း ပုံကျသည်များ မရောင်းရလို့ ရေးထား ပေမယ့်လည်း ညနေ (၂)နာရီနောက်ပိုင်းကို ဈေးရောင်းချနေတာကို ပြတာပါ။ ဒါကတော့ ကျွန်တော်တို့ ဒီ ဘုရားဈေးသစ်ရဲ့ ဈေးရောင်းတဲ့ ကြားလမ်းက ဈေးဆိုင်ခန်းတွေ ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ ကြားလမ်း အောင်သုခလမ်းရဲ့ကြားလမ်းမှာ ဈေးရောင်းနေတဲ့လမ်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘုရားဈေးသစ်ရဲ့အတွင်းမှာ ရောင်းနေတဲ့ ဈေးဆိုင်တွေ ဖြစ်ပါတယ်။ ဒါကတော့ တော်တော်လေးကို ပျက်စီးနေတဲ့လမ်းကို ကျွန်တော်တို့ မိုးတွင်းမှာဆိုလည်း တော်တော်လေးသွားလို့မရဘူး။ ရေပိတ်ဆို့ တာတွေ၊ အမှိုက်တွေနဲ့ပြည့်ကြပ်နေပါတယ်။ ဒါ ကျွန်တော်တို့ကားပါ။ အဲဒီ စည်ပင်သာယာကား ဟာဆိုရင် နေ့ရော၊ ညရော ကားရပ်ထားပြီးတော့ အမှိုက်တွေကို ပုံထားတယ်ပေါ့။ အဲဒီဟာကြောင့် ဈေးသည်တွေအတွက် အနံ့ဆိုးတွေဖြစ်ပေါ်နေရတာ ဖြစ်ပါတယ်။

ထို့ကြောင့် တရားမဝင် အပြင်ဈေးတန်းကို အပြီးတိုင်ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဘုရားဈေးသစ်သည် နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်ပါသည်။ လွန်ခဲ့သော တစ်နှစ်ခွဲခန့်က အမိုးများ ပြိုကျခဲ့ပါတယ်။ လူများ ထိခိုက်ဒဏ်ရာရရှိခြင်းတော့ မရှိခဲ့ပါ။ ဈေးအတွင်းရှိ ရေမြောင်း

များမှာလည်း ပျက်စီးယိုယွင်းနေပါသည်။ မိုးရွာလျှင် မြောင်းများရေလျှံကာ ဈေးအတွင်း ရေကြီးမှု မကြာခဏ ဖြစ်နေပါသည်။ တချို့ဈေးဆိုင်များသည် ပျက်စီးယိုယွင်းနေပါသည်။ ဈေးအတွင်းရှိ လမ်းများမှာလည်း ချိုင့်ခွက်များ၊ ဗွက်များ၊ အမှိုက်များကြောင့် ဈေးဝယ်သူများအတွက် ဈေးဝယ်ရသည်မှာ အဆင်မပြေပါ။ ဈေးအတွင်း လေလွင့်ခွေးများကို ရှောင်နေရခြင်း၊ ခွေးကိုက်၍ ခွေးရူးပြန်ရောဂါ ဖြစ်မှာကို ကြောက်ရွံ့နေရခြင်း၊ ဈေးဝယ်သူများ သောကရောက်နေကြရပါသည်။

ဘုရားဈေးအတွင်း ဈေးဝယ်သူနည်းပါးလာသဖြင့် အချို့ဆိုင်များ ပိတ်ထားကြရပါသည်။ အကယ်၍ ဘုရားဈေးသစ်အား ခေတ်မီသော ဈေးသစ်အဖြစ် ပြန်လည်တည်ဆောက်မည်ဆိုပါက ဈေးဆိုင်ပိုင်ရှင်များ၊ ဈေးဝယ်သူများ၊ နှစ်ဦးနှစ်ဖက် အဆင်ပြေမှာ ဖြစ်ပါတယ်။ သို့ပါ၍ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်အပိုင် ဘုရားဈေးသစ် (စည်ပင်သာယာဈေး)အား ခေတ်မီဈေးသစ်အဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဘုရားဈေးသစ်အတွင်းပိုင်းရှိသော ပျက်စီးနေသည့် အတွင်းဘက် ဈေးလမ်းမကြီး မြင်ကွင်းပုံ (အ)



ဘုရားဈေးသစ်အတွင်းပိုင်းရှိသော ပျက်စီးနေသည့် အတွင်းဘက် ဈေးလမ်းမကြီး မြင်ကွင်းပုံ (အ-၁)



ပျံ့ကျသည်များ မရောင်းရလို့ ရေးထားသော်လည်း ညနေ (၂)နာရီနောက်ပိုင်းဈေးရောင်းနေသော မြင်ကွင်းပုံ (အ-၂)




**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၄။**

**ဦးအောင်မြင်ထွန်း (နေပြည်တော်ကောင်စီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီ၊ ကောင်စီဝင် ဦးအောင်မြင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင်ရဲ့ မေးမြန်းချက်ကို ပဲခူးတိုင်းဒေသကြီး အစိုးရရဲ့ကိုယ်စား ဖြေကြားပေးမှာ ဖြစ်ပါတယ်။ မှန်ပါတယ်။ ဒီဈေးဟာ ၁၉၉၀ ပြည့်နှစ်က ပြန်လည်ပြင်ဆင်ထားတဲ့ဈေး ဖြစ်ပါတယ်။ အဲဒီဈေးဟာ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ၂၀၁၂ ခုနှစ်မှာ ဒီဈေးကို ပြန်လည်ပြင်ချင်တယ်။ ပြင်ဖို့ရာစီစဉ်မယ်ဆိုတော့ ဈေးသူ၊ ဈေးသားတွေ အားလုံးက မပြင်ချင်ကြပါဘူး။ သူတို့က ဒီဈေးကို အသစ်ပြန်မဆောက်ပါရစေနဲ့။ မူလအတိုင်းပဲ နည်းနည်းပါးပါး ပြင်ဆင်ပေးရပါပြီဆိုလို့ ကျွန်တော်တို့ ပြင်ပေးခဲ့ပါတယ်။ ၂၂ နှစ်ကြာပါပြီ။

နောက် (၂၅)နှစ်ကြာ ၂၀၁၅ နှစ်ကျတော့ ဈေးသူ၊ ဈေးသား စုစုပေါင်း(၂၆၀)က သဘောထားလက်မှတ် ရေးထိုးပြီးတော့ ဈေးတစ်ဈေးလုံး ဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်ဖို့ရာ သဘောမတူပါဘူး။ အမှန်တကယ်ပြုပြင်သင့်တဲ့ ဈေးရုံအဟောင်းကို ပြုပြင်ပေးပါလို့ တင်ပြလာကြပါတယ်။ အဲဒီတော့ ဈေးသူ၊ ဈေးသားများရဲ့ဆန္ဒအတိုင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီး ဒေါက်တာစန်းမောင်မောင် တင်ပြသလို ၂၀၁၆ ခုနှစ်မှာကျတော့ သူတို့ဈေးအသစ် ပြန်ဆောက်ဖို့ရန်အတွက် တင်ပြလာကြပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဈေးသူ၊ ဈေးသားများရဲ့ ဆန္ဒနဲ့အညီ ဈေးအသစ်တည်ဆောက်နိုင်ဖို့ရာ စတင်ပြီး ညှိနှိုင်းဆွေးနွေးတယ် ဆိုတဲ့အကြောင်း ပဏာမ တင်ပြပါရစေ။ အဲဒီလို ဆွေးနွေးတဲ့အခါမှာ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီက သုံးစွဲနိုင်ခွင့်ရှိတဲ့ ရန်ပုံငွေရရှိရေးနဲ့ နောက်တစ်ခါ ဈေးသစ် ပြန်လည်တည်ဆောက်နေတဲ့ အတောအတွင်းမှာ အစားထိုး မြေနေရာချထားဖို့ဆိုတဲ့ ကိစ္စရပ်တွေလည်း ရှိပါတယ်။

အဲဒီအတွက် ခုနတုန်းက ကိုယ်စားလှယ်တော်ကြီး ဒေါက်တာစန်းမောင်မောင် တင်ပြသလိုပါပဲ။ ဈေးအတွင်းမှာ ပျက်စီးယိုယွင်းနေတာတွေကိုလည်း ကျွန်တော်တို့ မျက်ဝါးထင်ထင် မြင်ရပါတယ်။ အဲဒီတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးကော်မတီကနေပြီးတော့ ပဲခူးတိုင်းဒေသကြီး အစိုးရရဲ့လမ်းညွှန်မှုနဲ့ ညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

(၂) အချက်ကတော့ ကျွန်တော်တို့ ဒီ မှန်ပါတယ်။ ဘုရားလမ်းမှာ အရှေ့ဘက်မှာ အောင်သုခလမ်းနဲ့ ဈေးတောင်ဘက်မှာ ခေမာရံသီလမ်းတွေရှိတာ မှန်ပါတယ်။ အဲဒီမှာ ကျူးကျော်ဈေးတွေ ဖြစ်နေတာလည်း အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော် နည်းနည်းလေးတင်ပြရရင် ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၁၈၈ ကို ရည်ညွှန်းပြုတဲ့ ဇယား- ၂ ပါ အပိုဒ် ၈ မှာ စည်ပင်သာယာရေး ကိစ္စတွေဟာ ပြည်နယ်၊ တိုင်းဒေသကြီးများကသာ ဆောင်ရွက်ခွင့်ရှိတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခွင့်ရှိတဲ့ကိစ္စတွေ ဖြစ်တဲ့အတွက် ပဲခူးတိုင်းဒေသကြီးအတွက် စည်ပင်သာယာရေးဥပဒေဟာ ပထမအကြိမ်တုန်းက ရေးဆွဲနိုင်ခဲ့ခြင်း မရှိဘူးလို့ ဆိုရပါလိမ့်မယ်။ အဲဒီတော့ စည်ပင်သာယာရေး ဥပဒေဟာ ကျွန်တော်တို့ အခု သူတို့ပြောတဲ့ စကားအရ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကမှ ပဲခူးတိုင်းဒေသကြီး လွှတ်တော်က အတည်ပြုပြီးတော့ စည်ပင်သာယာရေးဥပဒေ ပေါ်ပေါက်လာပါတယ်။ အဲဒီ စည်ပင်သာယာရေးဥပဒေ၊ ဒီဇင်ဘာလ ပေါ်ပေါက်ပြီးတဲ့နောက်ပိုင်းမှာ စည်ပင်သာယာအဖွဲ့ဝင်တွေ မဲဆန္ဒနဲ့ ရွေးချယ်ရတဲ့ ကိစ္စရပ်တွေ ဆောင်ရွက်ပြီး အခုပြီးသွားပြီလို့ ကျွန်တော်တို့ သိရပါတယ်။

အဲဒီတော့ ပြီးသွားတဲ့အတွက် စည်ပင်သာယာဥပဒေအရ ဒီကျူးကျော်တဲ့ ဈေးတွေကို အရေးယူဖို့ရာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အခု ကျွန်တော်သိရသလောက်ကတော့ အားလုံးစာရင်း ကောက် နေပါတယ်။ ရရှိလာတဲ့ စာရင်းတွေပေါ်မှာမူတည်ပြီးတော့ ပထမဒဏ်ငွေရိုက်မယ်၊ မရရင် ဈေးကို ဖျက်ပါမယ်။ ဖျက်ပြီးတော့မှ ဒီလူတွေကိုလည်းပဲ ခုနတုန်းကပြောသလို နေရာချထားဖို့ရာ ဆိုတဲ့ ကိစ္စကလည်း အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ စဉ်းစားရတာ ဖြစ်ပါတယ်။ အဓိက ကတော့ ဒီဈေးကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလက ပြဋ္ဌာန်းပြီးခဲ့တဲ့ စည်ပင်သာယာရေး ဥပဒေများနဲ့အညီ ထိထိရောက်ရောက် အရေးယူပါမယ် ဆိုတဲ့အကြောင်း တင်ပြရင်း ဒေါက်တာစန်းမောင်မောင် ရဲ့ မေးခွန်းကို လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။**　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၁၅) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၅၁ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၅၁။**

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရန် ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လွှတ်တော်သို့ တင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဟာ ကုမ္ပဏီများကို ဖွဲ့စည်းမှတ်ပုံတင်ပေးလျက် ရှိပါတယ်။ လက်ရှိကျင့်သုံးလျက်ရှိတဲ့ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ (Burma Companies Act) သည် နှစ်ပေါင်း (၁၀၀)ကျော် သက်တမ်းရှိနေပြီ ဖြစ်ပါသဖြင့် ခေတ်ကာလနှင့်လိုက်လျောညီထွေမှု မရှိတော့ခြင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒများ နှင့်လည်း လိုက်လျောညီထွေမှု မရှိတော့ခြင်းတို့ကြောင့် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ဥပဒေများနှင့်အညီ၊ ခေတ်နှင့်အညီ ဥပဒေဖြစ်စေရန်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် နိုင်ငံအတွင်း အရင်းအနှီးဈေးကွက် (Capital Market) များဖွံ့ဖြိုးတိုးတက်လာစေရန် Electronic Regristery နည်းလမ်းဖြင့် ကုမ္ပဏီများအား ဖွဲ့စည်းမှတ်ပုံတင်ပေးခြင်းအားဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ရည်ရွယ်ပြီး Asia Development Bank (ADB) ရဲ့ နည်းပညာအကူအညီကို ရယူ၍ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေတို့ကို ပေါင်းစည်း၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်ကို ပြင်ဆင် ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါ မြန်မာနိုင်ငံကုမ္ပဏီများဥပဒကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ သဘောထားမှတ်ချက်များရယူ၍ ပြုစုရေးဆွဲခဲ့ပြီး ၅-၁-၂၀၁၇ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) တင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုထားပြီးဖြစ်တဲ့ အဆိုပါ

ဥပဒေကြမ်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန Website မှာတင်၍လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြ၍လည်းကောင်း အများပြည်သူရဲ့ အကြံပြုချက်များကို ရယူခဲ့ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းမှာ အပိုင်း (၈)ပိုင်း၊ အခန်း (၃၂)ခန်း၊ ပုဒ်မ (၄၇၈)ခု ပါဝင်ပါတယ်။ အပိုင်း(၁)မှာ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုင်း(၂)တွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ရခြင်းနှင့် အခွင့်အာဏာများ၊ အပိုင်း(၃)တွင် ကုမ္ပဏီ၏ မတည်ငွေရင်းနှင့် စပ်လျဉ်းသည့် အစုရှယ်ယာများ၊ အပိုင်း(၄)တွင် စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်း၊ အများပြည်သူသို့ကမ်းလှမ်းခြင်း၊ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်ရှိခြင်း၊ ကုမ္ပဏီ၏ငွေစာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊ အပိုင်း(၅)တွင် ကုမ္ပဏီဖျက်သိမ်းခြင်း၊ အပိုင်း (၆)တွင် မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ရုံး၏ အခွင့်အာဏာများ၊ အပိုင်း(၇)တွင် တရားစွဲဆို စစ်ဆေးဆောင်ရွက်ခြင်း၊ ပြစ်မှုများနှင့် အပိုင်း(၈)တွင် အထွေထွေပြဋ္ဌာန်းချက်များ ပါရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် (၆)ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များကိုလည်း ပြင်ဆင်ထားရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူပြုစေမယ့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာစေရန် ပြဋ္ဌာန်းပြီးဖြစ်ရာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဥပဒေများနဲ့ တွဲဖက်ကျင့်သုံးရမယ့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကိုလည်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပြင်ဆင်ရေးဆွဲရန် လိုအပ်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်အတွင်းမှာ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန်အတွက်လည်းကောင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းအပေါ်မှာ လွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ (ခ) အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဒေါက်တာမြတ်ညာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီရဲ့ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ညာဏစိုး ကနေ ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ရှင်းလင်းတင်ပြ သွားခဲ့တဲ့အတိုင်းပါပဲ။ ဒီဥပဒေဟာ ၁၉၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနဲ့ ၁၉၅၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အထူးကုမ္ပဏီများ ဥပဒေများရဲ့နေရာမှာ ခေတ်စနစ်နဲ့ လျော်ညီပြီးတော့ စီးပွားရေးလုပ်ငန်းဆောင်တာတွေကို လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်မယ့် နိုင်ငံ့အတွက် အရေးကြီးတဲ့ ဥပဒေကြမ်းတစ်ရပ်ဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဥပဒေကြမ်းမှာ အပိုင်း(၈)ပိုင်းနဲ့ အခန်း (၃၂)ခန်းပါဝင်ပြီးတော့ ပုဒ်မပေါင်း (၄၇၇)ခု ပါရှိတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံကို ပုံမှန်အားဖြင့်ဆိုလျှင် ဥပဒေကြမ်းများကို ဖြန့်ဝေတဲ့ အခါမှာ Font Size ကို ကျွန်တော်တို့ (၁၆) Size နဲ့ ဖြန့်ဝေပါတယ်။ အခုဒီမှာကတော့ Font Size အသေး Size ဖြစ်တဲ့ (၁၄) Size နဲ့ဖြန့်ဝေထားတာတောင်မှ A4 စာမျက်နှာနဲ့ (၂၇၀) ရှိကြောင်းကိုလည်း ဦးစွာတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ရဲ့အချိန်ကို ငဲ့ကွက်သောအားဖြင့် အစီရင်ခံစာရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းများကိုသာ ကောက်နုတ်တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ စာမျက်နှာ(၇) မျက်နှာပါရှိတဲ့ အစီရင်ခံစာများကိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံကို ပြည့်စုံစွာ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့ ၂၀၁၇ ခုနှစ်၊ ဒီနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့ကတည်းက ပေးပို့ခဲ့တာ ဖြစ်ပါတယ်။ ပြည်ထောင်စုဒုတိယဝန်ကြီး တင်ပြသွားသလိုပါပဲ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ပညာရှင်တွေနဲ့ ကျွန်တော်တို့ (၇)လ အချိန်ယူပြီးတော့ ဥပဒေကြမ်းအစည်းအဝေးတွေ အကြိမ်ကြိမ် ကျင်းပပြီးတော့ ညှိနှိုင်းခဲ့တာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းဟာဆိုရင်ဖြင့် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကပဲ ပြဋ္ဌာန်းပြီးခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂)ရပ် ရှိခဲ့တဲ့အနက်မှာ ဥပဒေ(၂)ရပ်ကို ပေါင်းစည်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သလိုပဲ မြန်မာနိုင်ငံရဲ့ အနာဂတ်စီးပွားရေးအတွက် အလွန်အင်မတန်မှ အရေးကြီးတဲ့ ဥပဒေကြမ်းတစ်ရပ် ဖြစ်

ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေအကြောင်းအရာပိုင်းဆိုင်ရာ ပြင်ဆင်ချက်၊ ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ချက်၊ ပြစ်မှု၊ ပြစ်ဒဏ်ဆိုင်ရာ ပြင်ဆင်ချက်ဆိုပြီးတော့ အပိုင်းကြီး(၃)ပိုင်း ပြင်ဆင်ခဲ့ပါတယ်။ ဥပဒေအကြောင်းအရာပိုင်းဆိုင်ရာ ပြင်ဆင်ချက်များမှာတော့ အဓိကအားဖြင့် ကုမ္ပဏီတွေရဲ့ စာရင်းဇယားထားသိုမှုတွေ၊ လက်ကျန်ရှင်းတမ်းဆိုင်ရာ အခြေအနေများကို တိကျစွာထားရှိ စစ်ဆေးနိုင်ဖို့အတွက် နောက်တစ်ချက်ကတော့ ကုမ္ပဏီနဲ့စပ်လျဉ်းတဲ့ ကိစ္စရပ်များကို တရားစွဲဆိုဆောင်ရွက်ရာမှာ လုပ်ထုံးလုပ်နည်း မှန်ကန်မှုရှိစေရန်အတွက် နောက် အမှတ်(၃)အချက်ကတော့ ကုမ္ပဏီကို စီမံအုပ်ချုပ်တဲ့ ကိုယ်စားလှယ်ခန့်အပ်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းတို့ကို တိကျရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ချက်တွေ ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။

ဥပဒေရေးထုံးပိုင်းဆိုင်ရာ အနေနဲ့ကတော့ ဘာသာပြန်ဆိုထားတဲ့ စကားရပ်တွေ အများအပြား ပါဝင်ပါတယ်။ ပုဒ်မပေါင်း(၄၇၇)ခုမှာ ဒီအတွက်ကြောင့်မို့လို့ မြန်မာစာ အရေးအသားချောမွေ့မှု ရှိစေရန်ကိုလည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြစ်ဒဏ်ပိုင်းဆိုင်ရာ ပြင်ဆင်ချက်နဲ့ စပ်လျဉ်းပြီးတော့ တင်ပြရမယ်ဆိုရင် ပြစ်ဒဏ်ပမာဏ အချိုးအဆများနှင့် ဖော်ပြသတ်မှတ်ထားတာတွေ ရှိပါတယ်။ ဒီ သတ်မှတ်ချက်တွေကို ရှင်းလင်းတိကျစွာ လိုက်နာဆောင်ရွက်ခြင်း၊ အရေးယူခြင်းများ ပြုနိုင်ရန် အတွက် တိကျတဲ့ ငွေဒဏ်ပမာဏများနဲ့ ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အနေနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က တာဝန်ရှိ ပုဂ္ဂိုလ်တွေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှပညာရှင်တို့ အပါအဝင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးတော့ ပြင်ဆင်ခဲ့ခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကြီးက ဒီ ဥပဒေကြမ်းအပေါ်မှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များနဲ့အတူ အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၅-၇-၂၀၁၇(အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီကို (၆)မိနစ်အတွင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အပြုသဘောနဲ့ အကြံပြုတိုက်တွန်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ ကော်မတီအနေဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားခဲ့တာတွေကို ဂုဏ်ယူဖွယ်ရာ တွေ့ရမှာဖြစ်ပြီးတော့ စိုက်ပျိုးရေးကဏ္ဍမှာတော့ လုပ်ဆောင်မှု အားနည်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့စီးပွားရေးဟာ စိုက်ပျိုးရေးကို အခြေခံတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံ GDP ရဲ့ (၂၅)ရာခိုင်နှုန်း ပါဝင်နေဆဲ ဖြစ်ပါတယ်။ ပို့ကုန်ရဲ့ (၆၀)ရာခိုင်နှုန်းဟာလည်း စိုက်ပျိုးရေးကဏ္ဍမှပဲ ဖြစ်ပါတယ်။ ဒီ စိုက်ပျိုးရေးလုပ်ငန်းကို အကောင်အထည်ဖော်နေကြတဲ့ ပြည်သူတွေဟာ ကျွန်တော်တို့ တိုင်းပြည်လူဦးရေရဲ့ ရာခိုင်နှုန်း အများစုဖြစ်တဲ့ တောင်သူလယ်သမားတွေပဲ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ အရင်းအနှီးလည်း မရှိ၊ စိုက်ပျိုးရေးနည်းပညာလည်းမသိ၊ စီမံခန့်ခွဲမှုလည်းမတတ်၊ ဈေးကွက်အခြေအနေကိုလည်း နားမလည် ဖြစ်နေကြပါတယ်။ ဒေသနဲ့ ကိုက်ညီပြီးတော့ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ ရရှိဖို့၊ စံချိန်စံညွှန်း ပြည့်မီတဲ့ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ ပေါင်းသတ်ဆေးတွေ ရရှိဖို့နဲ့ စနစ်တကျ သုံးစွဲတတ်ဖို့များကို အထူးလိုအပ်လျက် ရှိပါတယ်။ မိမိအသက်အတွက် ကျန်းမာရေးကို အလေးထားနေတဲ့ ဒီနေ့ခေတ်ကြီးမှာ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဟာလည်း အထူးအရေးကြီးတဲ့အတွက် တောင်သူပညာပေးလုပ်ငန်းများ အထူးလိုအပ်လျက် ရှိပါတယ်။

တောင်သူလယ်သမားများမှာ ငွေအရင်းအနှီးကလည်းမရှိ၊ နည်းပညာလည်း မရှိတဲ့အတွက် အစိုးရမှ စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ပေးရန်၊ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေး နည်းပညာများပေးရန်လည်း အထူးလိုအပ်လျက်ရှိပါတယ်။ ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ သီးနှံဈေးနှုန်း ကျဆင်းခြင်းတို့ ဖြစ်တဲ့အချိန်များမှာ အစိုးရမှ လိုအပ်တဲ့ အကူအညီများပေးရန်လည်း လိုအပ်လျက် ရှိပါတယ်။ ဆန်စပါးသီးနှံဆိုရင်လည်း ဆန်ကို အဓိကထားစားသုံးတဲ့ ကျွန်တော်တို့ နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ သီးနှံဖြစ်ပါတယ်။ ပြည်တွင်းစားသုံးမှု ဖူလုံရန်နဲ့ ပြည်ပတင်ပို့ရန် အရေးကြီးသီးနှံ ဖြစ်ပါတယ်။ ကိုလိုနီခေတ်မှာ ပြည်ပကို ဆန်တန်ချိန် (၃)သန်း တင်ပို့နိုင်ခဲ့တဲ့ ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံ ဖြစ်ခဲ့ပါတယ်။ အစိုးရအဆက်ဆက် ယခင်စံချိန်မီအောင် တင်ပို့နိုင်ခြင်း မရှိသကဲ့သို့ ဆန်တင်ပို့တဲ့ ထိုင်းတို့၊ ဗီယက်နမ်တို့နဲ့လည်း မယှဉ်နိုင်ဖြစ်ရပါတယ်။ အရည်အသွေး ညံ့ဖျင်းတဲ့အတွက် ဈေးနှုန်းလျှော့ချရောင်းနေရတဲ့အဖြစ်မျိုး ဖြစ်ပါတယ်။ စိုက်ပျိုးရေ ရရှိရေးအပိုင်းမှာလည်း မြန်မာပြည် အနှံ့ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေများစွာဖြင့် တည်ဆောက်ခဲ့ကြတဲ့ ဆည်မြောင်းတွေ၊ မြစ်ရေတင်စီမံကိန်း တွေကို စနစ်တကျအကျိုးရှိအောင် စီမံခန့်ခွဲနိုင်ဖို့ အထူးလိုအပ်လျက် ရှိပါတယ်။ မြစ်ရေတင်အများစု ဟာ ရာနှုန်းပြည့်တည်ဆောက်ပြီး ဖြစ်သော်လည်း ရေပေးဝေနိုင်မှုဟာ (၂၅)ရာခိုင်နှုန်းပဲ ရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံအတွက် စိုက်ပျိုးရေးကဏ္ဍကို တိုးတက်အောင် ခေတ်အဆက်ဆက် အစိုးရတွေ ကြိုးစားခဲ့ကြတာ ယနေ့အချိန်အထိ သိသာထင်ရှားတဲ့ တိုးတက်ပြောင်းလဲမှုတွေ မတွေ့ရှိရသေးပါဘူး။ ဒီစိုက်ပျိုးရေးကို မှီခိုနေကြတဲ့ တိုင်းပြည်လူဦးရေရဲ့ ရာခိုင်နှုန်းအများစုဖြစ်တဲ့ တောင်သူလယ်သမား တွေရဲ့ ဘဝဟာလည်း ဆင်းရဲမြဲဆင်းရဲလျက် ရှိပါသေးတယ်။ ဒီအခြေအနေတွေကို ခြုံငုံလေ့လာ သုံးသပ်ကြည့်မယ်ဆိုရင် အစိုးရအဆက်ဆက်ဟာ ပေါ်လစီမှားယွင်းခြင်း၊ အုပ်ချုပ်မှု မနိုင်နင်းခြင်း၊ စွမ်းဆောင်နိုင်အား မရှိခြင်းတို့ကို တွေ့ရမှာဖြစ်ပါတယ်။ အဓိက အကြောင်းအရင်းကတော့ နိုင်ငံရေးနဲ့ စီးပွားရေးစနစ်တွေကို အပြန်အလှန် မထိန်းကျောင်းနိုင်ခဲ့ကြလို့ပဲဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ယနေ့ ပြည်သူတွေ တင်မြှောက်ကြတဲ့ အစိုးရစနစ်မှာ အစိုးရနဲ့ လွှတ်တော် အပြန်အလှန် ထိန်းကျောင်းနိုင်မှု ဟာ တိုင်းပြည်အတွက် လွန်စွာအရေးကြီးပါတယ်။ တိုင်းပြည်ရဲ့ အဓိကစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေး ကဏ္ဍမှာလည်း ကျွန်တော်တို့ လွှတ်တော်တွေရဲ့ သက်ဆိုင်ရာ ကော်မတီအနေနဲ့ စိုက်ပျိုးရေးကဏ္ဍကို အပြန်အလှန် ထိန်းကျောင်းနိုင်မှသာလျှင် တိုင်းပြည်ရဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကို ဒီထက်ပိုပြီးတော့ အလေးထားဆောင်ရွက်ပေးပါရန် အကြံပြု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၈။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်မှာ အပြုသဘောနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ အပိုဒ်(၄)ပိုဒ်နဲ့ တွေ့ရှိရပါတယ်။ အပိုဒ်(၁)နဲ့ (၄)ကတော့ နိဒါန်းပိုင်းနဲ့ နိဂုံးပိုင်းဖြစ်ပြီးတော့ အပိုဒ်(၂)နဲ့ (၃)ကတော့ ကော်မတီရဲ့ ဆောင်ရွက်ချက်များ၊ နောက် ကော်မတီရဲ့ သုံးသပ်ချက်များ ဆိုပြီးတော့ တွေ့ရပါတယ်။ ရှေ့က ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီး ပြောသလိုပဲ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို လေ့လာကြည့်တဲ့အခါမှာ စိုက်ပျိုးရေးကဏ္ဍမှာ အထူးပဲ ကျွန်တော်တို့ အားနည်းနေတာကို တွေ့ရပါတယ်။ အဲဒီမှာ ကော်မတီရဲ့လုပ်ဆောင်ချက်တွေထဲမှာ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့တွေ့ဆုံခြင်း ဆိုတဲ့ကဏ္ဍမှာ ကျွန်တော်တို့ (၁၅)ကြိမ် တွေ့ခဲ့တဲ့အခါမှာ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ (၂)ကြိမ်၊ စိုက်ပျိုးရေးနဲ့ဆက်နွယ်တဲ့ ချေးငွေနဲ့နီးစပ်တဲ့ အကြိမ်(၂)ကြိမ်နဲ့ မြေယာနဲ့ ပတ်သက်တဲ့ အကြိမ် (၁) ကြိမ် တွေ့ရှိရပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှာ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်တဲ့အခါမှာ အထူးအလေးပေးပြီးတော့မှ နိုင်ငံစိုက်ပျိုးရေးကို အခြေခံတဲ့ အထူးအလေးပေးပြီးတော့ ကျွန်တော်တို့ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ တွေ့ဆုံပွဲတွေ၊ ဆွေးနွေးပွဲတွေမှာ အထူး ကျွန်တော် လေ့လာကြည့်သလောက်တော့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ပတ်သက်တဲ့ ဝန်ကြီးဌာနနဲ့ဆိုတာထက် ပြင်ပအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံတာက များပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်က ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီတွေဟာ ဒီဝန်ကြီးဌာနအလိုက် ချိတ်ဆက်မိအောင် ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီးတော့မှ အပြန်အလှန်ထိန်းကျောင်း ညှိနှိုင်း အကြံဉာဏ်ပေးဖို့လည်း ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ထိတွေ့တဲ့ အကြိမ်အရေဟာ (၂)ကြိမ်လောက်သာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီကနေပြီးတော့မှ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့အတူ ဆိုင်ရာဝန်ကြီးဌာနရဲ့ ဦးစီးဌာနတွေကို ရေးရာကော်မတီသို့ ဖိတ်ကြားပြီးတော့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သက်ဆိုင်တာတွေကို အကြံဉာဏ် ကျွန်တော်တို့ ပေးလို့ ရပါတယ်။ ဒီဟာလေးကို ကျွန်တော် အထူးအလေးပေးပြီးတော့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခုက ကော်မတီရဲ့ သုံးသပ်ချက်ထဲမှာ ကော်မတီဟာ ကျွန်တော်တို့ Action Plan of DOA Institutional Analysis Workshop မှာ ကော်မတီဟာ တက်ရောက် ခဲ့ပါတယ်။ အဲဒီမှာ

ကော်မတီကနေပြီးတော့မှ ဒီ Workshop မှာ ဆွေးနွေးခဲ့တာတွေထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ လူသားအရင်းအမြစ် လုံလောက်မှု မရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများအကြား ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း၊ ရာထူးတိုးမြှင့်မှုနှင့် အဆင့်မြှင့်ပညာသင်ကြားရေးတို့တွင် အခွင့်အလမ်းမညီမျှခြင်း၊ ဦးစီးဌာနနှင့် သုတေသနကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ နောက် ကျွန်တော်တို့ဝန်ထမ်းများနှင့် လုံလောက်သော နေ့တွက်ခရီးစရိတ်များ မရရှိခြင်းကြောင့် ဝန်ထမ်းအဆင့်ဆင့်နှင့် တောင်သူများ အကြား ပူးပေါင်းဆောင်ရွက်ရန်ခက်ခဲခြင်း၊ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ပြီး ကျေးလက်ဒေသ၏ မတူကွဲပြား သော စိုက်ပျိုးရေးနည်းစနစ်များကို အခြေခံကာ အောက်ခြေမှ အထက်သို့ (Bottom up) လမ်းစဉ်ကို လိုက်နာ၍ လုပ်ကွက်ငယ်လယ်သမားများကို ကျား၊ မ ခွဲခြားမှုမပြုဘဲ ဦးဆောင်မှုပေးပြီး သုတေသန အနေနဲ့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်ဆိုပြီးတော့ ကော်မတီက ဆွေးနွေးခဲ့တာရှိပါတယ်။ ဒီ ဆွေးနွေးချက်အပေါ်မှာ ကော်မတီရဲ့ သုံးသပ်ချက်ကတော့ ပြုပြင်ရန်လိုအပ်သောအချက်များကို ပြည်ထောင်စုအစိုးရ အနေဖြင့် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်၍ ဆောလျင်စွာ ဆောင်ရွက်သင့် ကြောင်းသုံးသပ်ရပါသည်လို့ ကော်မတီက သုံးသပ်ထားပါတယ်။

ဒီလိုမျိုး ကျွန်တော်တို့ Workshop တွေ၊ Forum တွေကနေ အခြေခံကနေ တွေ့ရှိလာတဲ့ အချက်တွေအပေါ်မှာ မူတည်ပြီးတော့မှ ကော်မတီတစ်ရပ်လုံး အနေနဲ့ ကျွန်တော်တို့ ပြည်ထောင်စု အစိုးရကို နောင်တစ်ချိန်မှာ တိုက်တွန်းကြောင်း အဆိုတွေ၊ မေးခွန်းတွေ ဖြစ်ပေါ်လာလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ နောက် ကျွန်တော်တို့ ဒီအစီရင်ခံစာ အားလုံးထဲမှာ အဓိကမပါတဲ့ အချက်ကတော့ ကျွန်တော်တို့ ကော်မတီတွေမှာ ရောက်လေ့ရောက်ထရှိတဲ့ ပြည်သူလူထုရဲ့ စာတွေကို တိုင်ကြားစာ၊ အကြံပြုစာ၊ အကူအညီတောင်းခံစာနဲ့ ဖိတ်စာတွေ ဒီစာတွေရဲ့အပေါ်မှာ ကော်မတီရဲ့ အစီရင်ခံစာထဲမှာ မပါရှိပါဘူး။ အဲဒီအခါကျတော့ ကျွန်တော်တို့ ပြည်သူလူထုကနေပြီးတော့မှ ကော်မတီတွေမှာ တင်ပြလာတဲ့ တိုင်ကြားစာတွေ၊ အကြံပြုစာတွေအပေါ်မှာလည်း ကော်မတီကနေ ပြီးမှ ဘယ်လိုဖြေရှင်း ဆောင်ရွက်တယ်ဆိုတာလေးလည်း နောင်တစ်ချိန်မှာ ထည့်သွင်းပေးဖို့ ဒီကနေ အကြံပြုတိုက်တွန်းပါတယ်။

နောက်ဆုံးတစ်ခုကတော့ ဥပဒေရေးရာနဲ့ ပတ်သက်လို့ ကော်မတီက ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ ဥပဒေဆိုင်ရာတွေကို ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့၊ အကြံပေးဖို့ ကော်မတီရဲ့ လုပ်ငန်းဆောင်တာတွေထဲမှာ ပါရှိပါတယ်။ အထူးသဖြင့်တော့ ပိုးသတ်ဆေးနဲ့ ပတ်သက် တဲ့ ဥပဒေတွေ၊ မြေဩဇာနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ အထူးသဖြင့်တော့ တောင်သူလယ်သမား အကျိုး စီးပွားကာကွယ်ရေးနဲ့ ပတ်သက်တဲ့ ဥပဒေတွေက လက်ရှိအနေအထားမှာ ဘယ်လိုရှိနေသလဲဆိုတာကို ကော်မတီကို သုံးသပ်နိုင်ဖို့အတွက် အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၁၃။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက် ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်က အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် လိုအပ်ချက်တွေကို အကြံပြု ထောက်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအစီရင်ခံစာကို စာမျက်နှာ(၁၄)မျက်နှာနဲ့ တင်ပြထားတာ တွေ့ရပါတယ်။ စာမျက်နှာ(၆)မှာ ကျောက်ဖြူမြို့ အလုပ်ရုံဆွေးနွေးပွဲအပေါ် ကော်မတီရဲ့သုံးသပ်ချက်ကို ဖော်ပြထားတာ တွေ့ရ ပါတယ်။ အဲဒီသုံးသပ်ချက် အပိုဒ်ခွဲငယ် (ကက)မှာ တရားမဝင်ငါးဖမ်းမှု တားဆီးနိုင်ရေးကို ဖော်ပြ ထားတာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြောရရင် ရခိုင်ပြည်နယ်မှာရှိတဲ့ ကမ်းနီး၊ ကမ်းဝေး ပင်လယ်ပြင် နယ်နိမိတ်ထဲကို ခေတ်အဆက်ဆက် တရားမဝင် လာရောက် ငါးခိုးဖမ်းမှုတွေ ရှိခဲ့ပါတယ်။ ယခင်နှစ်အများကြီးက စပြီးတော့မှ ထိုင်း(တန်ကေး) ငါးခိုးဖမ်းမှုတွေ အများအပြားရှိခဲ့ပါတယ်။ မြန်မာ့ရေထဲမှ ဖမ်းဆီးထားတဲ့ (တန်ကေး) ငါးဖမ်းသင်္ဘောများ စစ်တွေမြို့ ဆိပ်ကမ်းမှာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အခုလက်ရှိမှာလည်း ပြည်ပတောင်မကလို့ အိမ်နီးချင်း ဧရာဝတီတိုင်းမှလည်း တရားမဝင် လာရောက် ငါးဖမ်းတာတွေကို သတင်းမှာ မကြာခဏ ဖတ်ရှုရပါတယ်။ ဒါကို ဘယ်လိုတားဆီး သင့်တယ်ဆိုတာနဲ့ပတ်သက်လို့ ကော်မတီရဲ့သုံးသပ်ချက်မှာ ဖော်ပြဖို့လိုအပ်တယ်ဆိုတာ အကြံပြု ဆွေးနွေးလိုပါတယ်။

နောက်အစီရင်ခံစာရဲ့ သုံးသပ်ချက် (ခခ)မှာ ဒီရေတောစိုက်ပျိုးရာတွင် ပျိုးပင်များ ပျက်စီး ခြင်းကို ဖော်ပြထားပါတယ်။ ရခိုင်ပြည်နယ်မှာ ဒီရေတောဧရိယာ ဘယ်လောက်ရှိတယ်၊ ဘယ်လောက် ပျက်စီးနေတယ်၊ ဘယ်နေရာတွေမှာ အများဆုံးပျက်စီးသွားတယ်၊ အစိုးရကအာရုံစိုက်ပြီး ဒီရေတော များပြန်လည်ဖြစ်ထွန်းရှင်သန်လာစေရန် ဆောင်ရွက်ပေးမှု ရှိ/မရှိ၊ ရှိလျှင် ဘယ်နေရာတွေမှာ ဆောင်ရွက် ပေးနေတယ်၊ ဘယ်နေရာတွေမှာ ဒီရေတော ပျိုးထောင်မှုပေးဖို့ လိုအပ်နေတယ်စတဲ့ အချက်အလက် များကို ဖော်ပြဖို့လိုအပ်ပါတယ်။ ဒီရေတောတွေဟာ သား၊ ငါး၊ ပုစွန် ပေါက်ဖွားမှု ရှိတဲ့အတွက် ဒီရေတောပြုစုပျိုးထောင်မှုဟာလည်း တော်တော်အရေးကြီးပါကြောင်း ဖော်ပြပေးစေလိုပါတယ်။

ဆက်လက်ပြီးတော့ သုံးသပ်ချက် (ငင) ကို အခြေပြုပြီး အကြံပြုဆွေးနွေးချင်တာကတော့ ယခင်က ကျောက်ဖြူမြို့မှာ ငါးလုပ်ငန်းအတတ်သင်ကျောင်းရှိခဲ့ပါတယ်။ အခုတော့ မရှိပါဘူး။ ဘယ်အချိန်က ဘာကြောင့် ဖျက်သိမ်းခဲ့တယ်ကို မသိပါဘူး။ ဒါကြောင့် ကော်မတီအနေနဲ့ ယခင်က ရှိခဲ့သော ငါးလုပ်ငန်းအတတ်သင်ကျောင်းကို ခေတ်နှင့်လျော်ညီအောင် ဒီပလိုမာအဆင့်ထိ တိုးမြှင့်ပြီး

ပြန်လည်ဖွင့်လှစ်ပေးသင့်ပါကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပေးဖို့သင့်ပါတယ်လို့ အကြံပြု ဆွေးနွေးလိုပါတယ်။ စာမျက်နှာ(၁၂)မှာ ဖော်ပြထားတဲ့ အပိုဒ်ခွဲငယ် အမှတ်စဉ် (ကက)၊ (ခခ)၊ (ဂဂ) အဖြစ်နဲ့ ကောမတီရဲ့သုံးသပ်ချက် အမြင်တွေဟာ တော်တော်ကို ပီပြင်အားကောင်းမှု ရှိနေတာကို တွေ့ရပါတယ်။ ကျွန်တော်လေးလေးနက်နက်နဲ့ ထောက်ခံပါတယ်။

နောက်ဆုံးအနေနဲ့ ဆွေးနွေးလိုတာကတော့ စာမျက်နှာ (၁၃)၊ (၁၄) မှာ ဖော်ပြထားတဲ့ အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်မှာ Two Step Loan ချေးငွေဆိုင်ရာ ရှင်းလင်းပွဲဖြစ် ပါတယ်။ ချေးငွေကိစ္စရှင်းလင်းရာမှာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထုတ်ချေးရမည့် ငွေ ပမာဏဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအကြား အလွန်တရာ ကွာဟလွန်းပါတယ်။ တိုင်းဒေသ ကြီးတွေက စုစုပေါင်းကျပ်သန်းပေါင်း (၁၄၅၀၈၇)ဖြစ်ပါတယ်။ ပြည်နယ်တွေကျတော့ ကျပ်သန်းပေါင်း (၃၃၆၀၅)ဖြစ်ပါတယ်။ မျှတမှုမရှိပါဘူး။ တိုင်းဒေသကြီးတွေကို ပုံအောပြီးပေးရန် လျာထားသတ်မှတ် ထားတာတွေ့ရပါတယ်။ နောက်ပြီး ဘဏ္ဍာနှစ် (၄)နှစ်အတွက် ထုတ်ချေးမယ် တိုင်းဒေသကြီးတွေကို အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစပြီးတော့ ချေးမယ်။ ပြည်နယ်ဒေသတွေကိုတော့ ၂၀၁၉-၂၀၂၀ နဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာမှ (၂)နှစ်စာထုတ်ချေးပါမယ်။ ဒါဟာဘယ်လိုသဘောလဲ။ ယခင် ခေါက်ရိုးကျိုးနေတဲ့ ပုံစံပဲလားလို့ ပြောလိုပါတယ်။ အမှန်က ဘဏ္ဍာနှစ်က တစ်ပြေးညီဖြစ်သင့်ပါတယ်။ ကျွန်တော် တို့ ရခိုင်ပြည်နယ်အတွက် ချေးငွေစုစုပေါင်း ကျပ်သန်း (၃၀၀၀)ပဲ သတ်မှတ်ထားတာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်က ကျွန်တော်တို့နေထိုင်တဲ့ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား တို့မှာ ဆိုရင် တစ်မြို့စီရဲ့ စိုက်ဧကဟာ လယ်မြေဧက သိန်းဂဏန်းနီးပါးရှိပါတယ်။ ဒါကြောင့် မြို့နယ်အလိုက် စိုက်ပျိုးမြေဧကအပေါ် အခြေခံပြီးတော့မှ ချေးငွေပမာဏ သတ်မှတ်ပေးသင့်တယ်လို့ ပြောလို ပါတယ်။ မူဝါဒကို မျှတအောင် ပြင်ဆင်သင့်ပါတယ်။ ရှင်းလင်းပွဲနေ့က ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်ကို အကျဉ်းချုံးပြီးတော့ ဖော်ပြပေးသင့်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဒီချေးငွေကိစ္စနဲ့ ပတ်သက်လို့ ကော်မတီရဲ့ သုံးသပ်ချက်ဟာ အားရစရာမကောင်းဘူး။ မျှမျှတတဖြစ်အောင် ပြည်နယ်နှင့် ပြည်မ စိတ်ဝမ်းမကွဲအောင် ဒီကော်မတီက မားမားမတ်မတ် ရပ်တည်ပေးသင့်တယ်လို့ ဆွေးနွေးရင်း ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၉။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် တစ်ရပ်လုံးကို မင်္ဂလာပါ ဆိုပြီးတော့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို ရေလုပ်ငန်းရှုထောင့်၊ ဒါမှမဟုတ် ကျွန်တော် ငါးဖမ်းလုပ်ငန်း

ရှုထောင့်ကနေ တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကော်မတီရဲ့ အစီရင်ခံစာဟာ ဒီအကြိမ် ပါနဲ့ဆို ကျွန်တော်တို့ စုစုပေါင်း(၂)ခု ရှိပါပြီ။ ပထမအကြိမ်တုန်းက ကျွန်တော်တို့ ပထမနှစ်ရဲ့ အစီရင်ခံစာပါ။ ယခု တစ်ခေါက်ကတော့ ကျွန်တော်တို့ ၂၄-၂-၂၀၁၇ ကနေပြီးတော့ ကျွန်တော်တို့ ၆-၇-၂၀၁၇ အထိ ဒုတိယအကြိမ် အစီရင်ခံစာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကော်မတီရဲ့ တာဝန်ဝတ္တရား တွေကို ကျွန်တော် ပြန်ပြီးတော့ ကြည့်တဲ့အခါမှာ ရေလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ကော်မတီရဲ့ တာဝန် ဝတ္တရားမှာ (၂)ချက်ရှိပါတယ်။ အပိုဒ်(ဆ) နဲ့ အပိုဒ်(ဇ)ပါ။

အပိုဒ်(ဆ) ပင်လယ်ကမ်းနီကမ်းဝေးများ မပြုန်းတီးရေး ပိုမိုပွားများလာရေး၊ ကမ်းရိုးတန်းနဲ့ ကမ်းလွန် ငါးဖမ်းလုပ်ငန်းများ တိုးတက်လာစေရန်နှင့် လိုအပ်သောအရင်းအနှီးများ၊ နည်းပညာနဲ့ စက်ကိရိယာများ ရရှိရေးကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးရန်၊ အပိုဒ်(ဇ) ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ဥပဒေများကို လိုအပ်လျှင် ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရန်ဆိုပြီးတော့ ရေလုပ်ငန်းနဲ့ ပတ်သက်တဲ့ တာဝန်ဝတ္တရား (၂)ချက်တော့ တွေ့ပါတယ်။

အဲဒီတော့ ပထမနှစ်ရဲ့ အစီရင်ခံစာနဲ့ အနည်းငယ် ကျွန်တော် နှိုင်းယှဥ်တင်ပြခွင့် ပြုစေလို ပါတယ်။ ပထမနှစ်ရဲ့ အစီရင်ခံစာမှာ အစည်းအဝေးများ ပြုလုပ်ခြင်းဆိုတဲ့ အပိုဒ် ၂ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပြင်ပအဖွဲ့အစည်းများနဲ့ တွေ့ဆုံခြင်း၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ မှာ ရေလုပ်ငန်းနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်တဲ့ဟာကို ဖော်ညွှန်း ထားတာဖြစ်ပါတယ်။ အဲဒီတော့ ဆွေးနွေးပြောဆိုမှုအနေနဲ့တော့ ပထမ အစီရင်ခံစာမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်အတွင်းမှာပဲ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ကော်မတီနဲ့ ပူးပေါင်းပြီးတော့ ဆွေးနွေးပွဲ Debate တစ်ခုလုပ်ခဲ့တာ ရှိပါတယ်။ ဒါ ရေလုပ်ငန်းနဲ့ ပတ်သက်ပြီး ဖြစ်ပါတယ်။ သုံးသပ် ချက်အနေနဲ့ ပထမနှစ်ဝက်ရဲ့ အစီရင်ခံစာမှာ သုံးသပ်ချက်အနေနဲ့ ဘာတွေ့လဲဆိုတော့ ငါးလုပ်ငန်း ဥပဒေကောင်းတစ်ခု ပေါ်ထွက်လာဖို့ ဆိုတဲ့ သုံးသပ်ချက်လေးတစ်ခုကို တွေ့ရှိရပါတယ်။

ယခု ဒုတိယအကြိမ် အစီရင်ခံစာမှာလည်း သက်ဆိုင်တဲ့ အဖွဲ့အစည်းများနဲ့ တွေ့ဆုံခြင်း အပိုဒ်(ခ) အပိုဒ် ၁ မှာ Better Life Organization နဲ့ ကျွန်တော်တို့ တွေ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ Network Activities Group ဆိုတဲ့ အဖွဲ့နှစ်ဖွဲ့နဲ့ တွေ့ပါတယ်။ တွေ့ပြီးထားတဲ့ အဖွဲ့အစည်းတွေနဲ့ တွေ့ပြီးတော့ ဆွေးနွေးပွဲတွေရဲ့ ရလဒ်ကို လေ့လာတွေ့ရှိချက်တွေ၊ သုံးသပ်ချက်တွေ ကိုလည်း ကော်မတီရဲ့အစီရင်ခံစာမှာ တင်ပြထားပြီးသားလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့် ရှေ့က ခုန ရခိုင်ပြည်နယ်က ကိုယ်စားလှယ်ကြီး ဖတ်ကြားသွားသလိုပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှာလုပ်တဲ့ ငါးလုပ်ငန်းဆွေးနွေးပွဲမှာ (ကက)၊ (ခခ) စသဖြင့် ကျွန်တော်တို့ သုံးသပ်ချက် ကျွန်တော်တို့ အကြံပြုတင်ပြချက် (၅)ချက် ရှိပါတယ်။ ဒါ ရခိုင်ပြည်နယ် တစ်ခုတည်းနဲ့ဆိုင်တဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်စားသောက်နေတဲ့ ပင်လယ် ပိုင်နက်ရှိတဲ့ နေရာဒေသ အကုန်လုံးနဲ့ သက်ဆိုင်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ သတိထားရမယ့်တစ်ချက်ကတော့ ကော်မတီရဲ့ ကွင်းဆင်းဆောင်ရွက်မှုတွေ တွေ့ရပါတယ်။ ပြီးတော့ သုံးသပ်ချက်တွေ ပြန်ကြည့်ရင် အနီးစပ်ဆုံး ကျွန်တော်တို့ ကြည့်မယ်ဆိုရင် လွယ်လွယ်ကူကူနဲ့ သုံးသပ်ရမယ်ဆိုရင်တော့ အောက်ခြေအသံနဲ့ နီးစပ်တဲ့ ကော်မတီရဲ့ ကွင်းဆင်းဆောင်ရွက်မှုတွေက ကျွန်တော်တို့ မြိတ်မြို့ကိုလည်း လာခဲ့ပါတယ်။ ကျွန်းစုမြို့ကိုလည်း လာခဲ့ပါတယ်။ ရခိုင်ကိုလည်း သွားခဲ့ပါတယ်။ အဲဒီလိုပဲ ငါးဖမ်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ နေရာ တော်တော်များများကို သွားပြီးသားဖြစ်တဲ့အတွက် ဒေသခံပြည်သူလူထုတွေရဲ့ အသံတွေကို ကော်မတီက ရရှိပြီးဖြစ်တယ် ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းတော့ မှတ်ယူပါတယ်။

သို့ပေမယ့်လည်း ကော်မတီက အဲဒီလိုဆောင်ရွက်နေတဲ့ တစ်နှစ်ကျော်ကာလအတွင်းမှာ ဒီလို ဒေသခံတွေရဲ့ အခက်အခဲတွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ ငါးလုပ်ငန်းရဲ့ အခက်အခဲတွေကို သိရှိလာပြီ ဖြစ်သော်လည်း တကယ့်တကယ် အရေးကြီးလုပ်ရမယ့် သုံးသပ်ချက်တစ်ခုမှာပါတဲ့ ကျွန်တော်တို့ မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ ပြင်ဆင်ရေးအတွက် ဝါယမ စိုက်ထုတ်ထားတဲ့ဟာကို ကျွန်တော့် အနေနဲ့ တွေ့ရှိခြင်း မရှိပါဘူး။ ဒါ ကျွန်တော် အကြံပြုဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာ့ ပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေ ဆိုတဲ့ဟာ ကျွန်တော်တို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ကနေ ၁၉၉၀ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ကနေစပြီးတော့ ထွက်ထားတဲ့ဥပဒေ ဖြစ်ပါတယ်။ ရိုးရိုးတန်းတန်း ကျွန်တော်တို့သုံးသပ် ကြည့်မယ်ဆိုရင် ခေတ်ကာလနဲ့ လျော်ညီမှုလည်း မရှိတော့ ပါဘူး။ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေဟာ ကျွန်တော်တို့ လက်ရှိငါးလုပ်ငန်း လုပ်ကိုင်နေ ကြတဲ့ အောက်ခြေ လူတန်းစားတွေ၊ ငါးဖမ်း တံငါသည်မိသားစုတွေအတွက် တော်တော်မှကို လွဲချော် နေတဲ့အနေအထားလေး ရှိပါတယ်။ အဲဒီတော့ အဓိက ကျွန်တော်တို့ ဥပဒေ ပြင်ဆင်ဖို့ လိုပါမယ်။

လက်ရှိမြေပြင်မှာ အရင်က ချမှတ်ထားတဲ့ ဥပဒေကြောင့်မို့လို့ ဒီ အခြေခံဆင်းရဲသား ငါးဖမ်းတဲ့ မိသားစုတွေဟာ ဥပဒေရဲ့ ပြင်ပကို ရောက်မှန်းမသိ ရောက်လာပါတယ်။ ကျွန်တော်တို့ နည်းဥပဒေမှာ ဘာပါလဲဆိုတော့ မြင်းကောင်ရေ (၂၅)ကောင်ရဲ့အောက်သည် ကျွန်တော်တို့ ကမ်းနီး ငါးဖမ်းလုပ်ငန်းမှာ ခွင့်ပြုရမယ့်လိုင်စင် ဖြစ်ပါတယ်။ မြင်းကောင်ရေနဲ့ စက်အင်ဂျင်တွေကို ကျွန်တော်တို့ တိုင်းတာရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ့်တကယ် မြေပြင်အခြေအနေမှာ မြင်းကောင် ရေ(၂၅)ကောင်နဲ့ ကျွန်တော်တို့ ရာသီဥတုဒဏ်လည်း အရမ်းဆိုးလာပါတယ်။ ဒီ ရေမိုင်(၅)မိုင်ကို ကျော်တာနဲ့ ပင်လယ်ပြင်မှာရှိတဲ့ သဘာဝအနေအထားမတူညီတဲ့အတွက် ကျွန်တော်တို့ ရာသီဥတု သဘာဝဒဏ်ကို ခံစားရတာဖြစ်ပါတယ်။ ဒီ မြင်းကောင်ရေအင်အား ကြီးလာတယ်။ လှေအရွယ်အစား ကြီးလာတယ်။ အဲဒီတော့ ဥပဒေက မပြင်သေးတဲ့အတွက် အဲဒီလိုလုပ်တဲ့ လှေတွေသည် မိမိရဲ့ အသက်အန္တရာယ် လုံခြုံရေးအရ၊ ငါးလုပ်သားတွေရဲ့ အသက်အန္တရာယ် လုံခြုံရေးအရ ပြုပြင် လိုက်တဲ့လှေတွေသည် ဥပဒေဘောင် အပြင်ဘက်ကို ရောက်မှန်းမသိ ရောက်သွားပါတယ်။ အဲဒီတော့ ဒီဟာတွေ ကျွန်တော်တို့က အရေးယူနေတော့ ငါးဖမ်းတဲ့ ဒီ အခြေခံလူတန်းစားတွေဟာ ထောင်ကျတာ တို့၊ နောက် အရေးယူခံရမှုတွေ ရှိလာပါတယ်။ ကျွန်တော်တို့ တစ်သက်နဲ့တစ်ကိုယ်မကြားရ။ ကျွန်တော် ကိုယ်တိုင်လည်း ဒီရေလုပ်ငန်းကို လုပ်ကိုင်တဲ့ မိဘနှစ်ပါးက ပေါက်ဖွားလာတဲ့လူတွေ ဖြစ်ပါတယ်။ ယနေ့အချိန်အထိလည်း ဒါကိုပဲ ကျွန်တော်တို့အိမ်က ဒါကိုပဲ လက်ရှိလုပ်ကိုင်နေဆဲ ဖြစ်ပါတယ်။

အဲဒီတော့ ပြောချင်တာက ကျွန်တော်တို့ ငယ်ငယ်တုန်းက ငါးဖမ်းတယ်ဆိုတာက သမ္မာအာဇီဝ ကျကျ ရှာစားတဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အခုအချိန်မှာ ထောင်ကျတယ်ဆိုတာ ကျွန်တော်တို့ မကြား ဖူးပါဘူး။ သဘောသဘာဝအရ ကျွန်တော်တို့ ပင်လယ်မှာနေတဲ့လူတွေက ဥပဒေရဲ့အကာအကွယ် မဲ့သလို ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပဒေကို အကောင်းဆုံး ကျွန်တော်တို့ လုပ်ဆောင် ပေးဖို့၊ ပြင်ဆင်ပေးဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

ပြီးတော့ ကော်မတီရဲ့ သုံးသပ်ချက်တစ်ခုမှာ ပါ ပါတယ်။ ဝန်ကြီးဌာနတွေဟာတဲ့ ဒီ ကော်မတီရဲ့ တင်ပြစာတွေ၊ အကြံပြုချက်တွေကို လုံးဝညှိနှိုင်းဆောင်ရွက်မှုမှာ အားနည်းကြောင်း ပြောကြားတဲ့အတွက် ဝန်ကြီးဌာနတွေဟာ အဲဒီလိုပဲ ဆက်သွားနေမယ်ဆိုရင် ကော်မတီရဲ့ အကြံပြုချက် တွေ၊ သုံးသပ်ချက်တွေဟာ ကျွန်တော်တို့ မှတ်တမ်းအဖြစ်သာ လွှတ်တော်မှာ ကျန်ရှိနေမှာဖြစ်ပါလိမ့် မယ်။ တကယ့်တကယ် ကျွန်တော်တို့ အလုပ်လုပ်ပြီးတော့ ဘာမှ အကောင်အထည်မဖော်နိုင် ဖြစ်နေ ပါတယ်။ ရေသာကုန်ပြီး ကျွန်တော်တို့ ပဲမပြဲ ဖြစ်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ဘယ်လိုမျိုး လုပ်ဆောင်ရမလဲ ဆိုတဲ့ဟာကို ဝိုင်းဝန်းစဉ်းစားပြီးတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ပါစေ လို့ ကျွန်တော် ထောက်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်း ခြင်းနဲ့ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

**ဦးခင်ဝင်း (အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**
။ ။ အားလုံး မင်္ဂလာပါ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၄-၂-၂၀၁၇ ရက်နေ့မှ ၆-၇-၂၀၁၇ ရက်နေ့အထိ ကော်မတီရဲ့ ဆောင်ရွက်ချက်နဲ့ သုံးသပ်ချက်များကို ကျွန်တော်တို့က ၁၂-၇-၂၀၁၇ ရက်နေ့က လွှတ်တော်ကို ကော်မတီကနေ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယနေ့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးမှလည်း အစီရင်ခံစာနဲ့ စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူ လက်ခံပေးပါရန် ကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးခင်ဝင်း က ကော်မတီရဲ့ကိုယ်စား လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၂း၂၈ နာရီအချိန်တွင် ရပ်နားပါသည်။]